# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ်/တိုင်းများတွင် ရုံးခွဲများဖွင့်လှစ်မှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက် ဝန်ထမ်းများခန့်ထားမှု အခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများ မဖွင့်နိုင်သေးသည့် ပြည်နယ်/တိုင်းများအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | နိုင်ငံတစ်ဝန်းမြို့ဟု သတ်မှတ် အသိအမှတ်ပြုထားသည့် မြို့များတွင် လိုအပ်သည့် ဖွံ့ဖြိုးစည်ပင်သာယာ ရေးအတွက် ရေတိုရေရှည် အစီအမံများချမှတ်၍ ရန်ပုံငွေချပေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | အခြေခံပညာအထက်တန်းအဆင့်အသစ်ပြဋ္ဌာန်းမည့်(KG+12)သင်ရိုး ဖြင့် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့် သိပ္ပံဘာသာရပ်များ သင်ကြားရာတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုရလဒ်မြင့်မားစေရေးနှင့် သင်ယူမှုရလဒ်အရသိရှိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်း အဆင့်အထိ ရောက်ရှိနိုင်ရန် ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားလာစေရန်အတွက် အပြစ်ပေးအရေးယူခံရသော ပညာရေးဝန်ထမ်းစေလွှတ်ခြင်း ထက် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများစေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |

| | | |
|---|---|---|
| ၉ | ဝန်ကြီးဌာနတူ၊ လုပ်သက်တူ အငြိမ်းစားအစိုးရဝန်ထမ်း ပင်စင်လစာ အား တန်းတူအကျိုးခံစားခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း | ၂၁ |
| ၁၀ | ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့် အချက်များအပေါ်အခြေခံ၍ သတ်မှတ် လျာထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၁ | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်းလုပ်ကွက် ရေနံမြေများနှင့် ကမ်းလွန်လုပ်ကွက်များကို ရေနံကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုပြီး ဆောင်ရွက်ရာတွင် ၎င်းလုပ်ကွက်များ၏ ဆိုက်စမစ်တိုင်းတာခြင်း အခြေအနေများကို သိလိုခြင်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အခြေအနေများရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၇ |
| ၁၂ | ပြည်သူပိုင်အဖြစ် ၁၉၆၉ ခုနှစ်တွင် သိမ်းဆည်းခံရသော လှိုင်လင်မြို့၊ ရပ်ကွက်(၄) ပင်လုံလမ်း၊ ကွင်းအမှတ်(၅၄)၊ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ(၀.၂၆၁)ဧကအား မူလပိုင်ရှင်သို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၁ |
| ၁၃ | မိုးကောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားအထောက်အကူ ပစ္စည်းများ ပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၄ | ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက် ရှိသော လက်ထောက်ဆရာဝန် နေရာအတွက် အမြန်ဆုံး အစားထိုး ခန့်အပ်ပေးရန်နှင့် ယင်းဆေးရုံအတွက် ရင်ခွဲရုံတစ်ရုံ ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၈ |
| ၁၅ | ဒလမြို့နယ်၊ ဒလပြည်သူ့ဆေးရုံတွင် ခေတ်နှင့်လျော်ညီသော နှစ်ထပ်လူနာ ဆောင်တိုးချဲ့တည်ဆောက် ပေးရန်၊ ရခိုင်ချောင်းတိုက်နယ် ဆေးရုံကိုလည်း စံကိုက်အဆောက်အဦ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၀ |
| ၁၆ | မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြု လုပ်သည့် နိုင်ငံခြားရေယာဉ်၏ လေ့လာတွေ့ရှိချက်များသည် သက်ဆိုင် ရာဌာနနှင့် ပြည်သူများအတွက် မည်သို့အကျိုးပြုသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၃ |
| ၁၇ | ၁၆ လက်မ တစ်မိုင်စကေးဖြင့် ရေးဆွဲထားသော မြစ်သားမြို့နယ်၊ ကူမဲမြို့မြေပုံအား ၆၄ လက်မ တစ်မိုင်စကေးဖြင့် အသစ်ပြန်လည် ရေးဆွဲ | ၄၆ |

| | | |
|---|---|---|
| | ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | |
| ၁၈ | လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချပေးခြင်းမရှိဘဲ အိမ်ခြံကွက် ဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို မည်ကဲ့သို့အရေးယူဆောင်ရွက် နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄၈ |
| ၁၉ | ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၃ |
| ၂၀ | ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၆၀ |
| ၂၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၆၁ |
| ၂၂ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း | ၇၁ |
| ၂၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း | ၇၂ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# (၁၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀–၁၂–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ဦး(ခ) ဦးကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ်/တိုင်းများတွင် ရုံးခွဲများ ဖွင့်လှစ်မှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက်ဝန်ထမ်းများ ခန့်ထားမှုအခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများ မဖွင့်နိုင် သေးသည့် ပြည်နယ်/ တိုင်းများအတွက် ဆက်လက်ဆောင်ရွက် သွားမည့် အစီအစဉ်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်း မြို့ ဟု သတ်မှတ် အသိအမှတ်ပြုထားသည့် မြို့များတွင် လိုအပ်သည့် ဖွံ့ဖြိုး စည်ပင်**

**သာယာရေးအတွက် ရေတိုရေရှည်အစီအမံများ ချမှတ်၍ ရန်ပုံငွေ ချပေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းအောင်၊ မိုးကောက် မဲဆန္ဒနယ်၏ **အခြေခံပညာအထက်တန်းအဆင့် အသစ်ပြဌာန်းမည့် (KG+12) သင်ရိုးဖြင့် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့် သိပ္ပံဘာသာရပ်များ သင်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုရလဒ် မြင့်မားစေရေးနှင့် သင်ယူမှုရလဒ်အရသိရှိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်းအဆင့် အထိ ရောက်ရှိနိုင်ရန် ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားလာစေရန်အတွက် အပြစ်ပေး အရေးယူ ခံရသော ပညာရေးဝန်ထမ်းစေလွှတ်ခြင်းထက် ကြိုးစား အားထုတ်မှု ရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးငွေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ဝန်ကြီးဌာနတူ၊ လုပ်သက်တူ အငြိမ်းစားအစိုးရဝန်ထမ်း ပင်စင်လစာအား တန်းတူ အကျိုးခံစားခွင့် ပြုပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **၂၀၁၈–၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့် အချက်များအပေါ် အခြေခံ၍ သတ်မှတ်လျာထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်းလုပ်ကွက် ရေနံမြေများနှင့် ကမ်းလွန် လုပ်ကွက်များကို ရေနံကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုပြီး ဆောင်ရွက်ရာတွင် ၎င်းလုပ်ကွက်များ၏ ဆိုက်စမစ်တိုင်းတာခြင်း အခြေအနေများကို သိလိုခြင်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အခြေအနေများ ရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ပြည်သူပိုင်အဖြစ် ၁၉၆၉ ခုနှစ် တွင် သိမ်းဆည်း ခံရသော လှိုင်လင်မြို့၊ ရပ်ကွက် (၄) ပင်လုံလမ်း၊ ကွင်းအမှတ် (၅၄)၊ ဦးပိုင်အမှတ် (၈၉)၊ ဧရိယာ (၀.၂၆၁) ဧကအား မူလပိုင်ရှင်သို့ ပြန်လည် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မိုးကောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားအထောက်အကူ ပစ္စည်းများ ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက် ဆရာဝန်နေရာအတွက် အမြန်ဆုံး အစားထိုးခန့်အပ်ပေးရန်နှင့် ယင်းဆေးရုံအတွက် ရင်ခွဲရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့နယ်၊ ဒလပြည်သူ့ ဆေးရုံတွင် ခေတ်နှင့်လျော်ညီသော နှစ်ထပ်လူနာဆောင် တိုးချဲ့ တည်ဆောက်ပေးရန်၊ ရခိုင်ချောင်းတိုက်နယ်ဆေးရုံကိုလည်း စံကိုက် အဆောက်အဦ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဌ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုလုပ်သည့် နိုင်ငံခြား ရေယာဉ်၏ လေ့လာတွေ့ရှိချက်များသည် သက်ဆိုင်ရာဌာနနှင့် ပြည်သူများအတွက် မည်သို့ အကျိုးပြုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဍ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **၁၆ လက်မ တစ်မိုင်စကေးဖြင့် ရေးဆွဲထားသော မြစ်သားမြို့နယ်၊ ကူမဲမြို့ မြေပုံအား ၆၄ လက်မ တစ်မိုင်စကေးဖြင့် အသစ်ပြန်လည်ရေးဆွဲ ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဎ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချပေးခြင်းမရှိဘဲ အိမ်ခြံကွက် ဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက် နေခြင်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ခ) ဗိုလ်မှူးကြီးကျော်စိုးလွင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ဂ) ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊

၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ခွင့် ၁ ရက်၊
(၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊
(၄) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊
(၆) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါ်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊
(၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၈) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊
(၁၀) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊
(၁၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၂) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊
(၁၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊
(၁၅) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်နှင့်
(၁၆) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြိယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ်/တိုင်းများတွင် ရုံးခွဲများဖွင့်လှစ်မှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက်ဝန်ထမ်းများခန့်ထားမှု အခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများမဖွင့်နိုင်သေးသည့် ပြည်နယ်/တိုင်းများအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့သူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမဲဆန္ဒနယ်က ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမှာကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရုံးခွဲများ ဖွင့်လှစ်ထားမှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက်၊ ဝန်ထမ်းများခန့်ထားမှုအခြေအနေနှင့် ဝန်ထမ်းအင်အား

အခြေအနေ၊ ဝန်ထမ်းများဆောင်ရွက်ထားရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများ မဖွင့်လှစ်နိုင်သေးသည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအခန်း(၁)အခြေခံမူများ ပုဒ်မ ၂၂ အရ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနဲ့ ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်ရမည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးပြီး တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားခြင်းအရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် မေလ ၂၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများကာကွယ်စောင့်ရှောက်ရေးဥပဒေ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေပုဒ်မ ၂၂ အရ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။ (ခ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်ရမည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးပြီး တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဃ)တွင်လည်း တိုင်းရင်းသားလူမျိုးတစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စာပေ၊ စကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင်လည်း အခန်း(၂) ရည်ရွယ်ချက်မှာ ပုဒ်မ ၃ အရ ခြောက်ချက်၊ အခန်း(၃) တိုင်းရင်းသားအခွင့်အရေးနှင့် ရပိုင်ခွင့်ပုဒ်မ ၄ အရ (၁၀)ချက်၊ အခန်း(၅) ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၉ အရ (၁၂)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရုံးဝန်ထမ်း၊ ရာထူးအလိုက်၊ လူမျိုးအလိုက်၊ အင်အားမည်မျှခြားနားပြီးကြောင်းနှင့် လိုအပ်သည့်ဝန်ထမ်းများခန့်ထားရာ တိုင်းရင်းသားတွေမျှော်လင့်နေသော စာပေ၊ စကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းသမိုင်းအမွေအနှစ်များ ဖော်ထုတ်ကာကွယ်မည့်နေရာအတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်၍ မည်သည့်အတိုင်းအတာထိဆောင်ရွက်ပြီးစီးနေပြီး မည်မျှဆောင်ရွက်ရန်လိုနေကြောင်းကို အများအားဖြင့် မသိကြသေး

သောတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး သိရှိနိုင်ရန်နှင့် တိုင်းရင်းသားဒေသများ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ရည်ရွယ်ချက်၊ အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများအား ဆောင်ရွက်နေမှုကို သိရှိနိုင်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှမော်ဦး(ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး ပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦးရဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းရုံးများတွင် ရုံးခွဲများဖွင့်လှစ်မှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက် ဝန်ထမ်းများခန့်ထားမှုအခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ထမ်းများဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများမဖွင့်နိုင်သေးသည့် ပြည်နယ်/တိုင်းဒေသကြီးများအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ် သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၃၀-၃-၂၀၁၆ ခုနှစ်မှာ စတင်ပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေး များကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ဖြင့် ၂၅-၅-၂၀၁၆ ရက်နေ့မှာ ဖွဲ့စည်းပုံအရာထမ်း ၃၇၀ ဦး၊ အမှုထမ်း ၇၆၁ ဦး စုစုပေါင်း ၁၁၃၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများကို တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအားလုံးမှာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှာ အဆောက်အဦသစ်များ ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီးတော့ ကျန်တိုင်းဒေသကြီး/ပြည်နယ်တွေမှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က နေရာချပေးတဲ့နေရာတွေမှာ ရုံးခန်းများ ဖွင့်လှစ်ပြီးတော့ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဒါကတော့ ကယားပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးပဲ ဖြစ်ပါတယ်။ ဒါကတော့ ကရင်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံး ဖြစ်ပါတယ်။ ဒါကတော့

မွန်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးပဲ ဖြစ်ပါတယ်။ ဒါကတော့ ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအင်အားအနေဖြင့် နေပြည်တော် (ရုံးချုပ်)တွင် အရာထမ်း ၆၈ ဦး၊ အမှုထမ်း ၁၂၃ ဦး စုစုပေါင်း ၁၉၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှာ အရာထမ်း ၅၉ ဦး၊ အမှုထမ်း ၁၁၈ ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၇၇ ဦးဖြစ်ပြီးတော့ ဝန်ကြီးဌာနတစ်ခုလုံး ခန့်အပ်ပြီးဝန်ထမ်းအင်အားမှာ အရာထမ်း ၁၂၇ ဦး၊ အမှုထမ်း ၂၄၁ ဦး စုစုပေါင်း ၃၆၈ ဦးခန့်အပ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရာထူးအလိုက် အသေးစိတ်စာရင်းကို တင်ပြပါ Power Point Slide မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန(ရုံးချုပ်) နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ လူမျိုးအလိုက် ခန့်ထားမှုအခြေအနေများမှာ ကချင်လူမျိုးစုငါးဦး၊ ကယားလူမျိုးစုတစ်ဦး၊ ကရင်လူမျိုးစုငါးဦး၊ ချင်းလူမျိုးစု ၂၃ ဦး၊ ဗမာလူမျိုးစု ၁၁၀ ဦး၊ မွန်လူမျိုးစု ၁၄ ဦး၊ ရခိုင်လူမျိုးစု ၂၀ ဦးနဲ့ ရှမ်းလူမျိုးစု ၁၃ ဦးတို့ပဲဖြစ်ကြပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှာ လူမျိုးအလိုက်ခန့်ထားမှုများကတော့ ကချင်လူမျိုးစုရှစ်ဦး၊ ကယားလူမျိုးစု ၁၁ ဦး၊ ကရင်လူမျိုးစု ၂၂ ဦး၊ ချင်းလူမျိုးစု ၁၇ ဦး၊ ဗမာလူမျိုးစု ၇၄ ဦး၊ မွန်လူမျိုးစု ၁၂ ဦး၊ ရခိုင်လူမျိုးစု ၁၈ ဦးနဲ့ ရှမ်းလူမျိုးစု ၁၅ ဦးတို့ပဲဖြစ်ကြပါတယ်။ စုစုပေါင်း လူမျိုးစုအလိုက် ကချင်လူမျိုးစု ၁၃ ဦး၊ ကယားလူမျိုးစု ၁၂ ဦး၊ ကရင်လူမျိုးစု ၂၇ ဦး၊ ချင်းလူမျိုးစု ၄၀ ဦး၊ ဗမာလူမျိုးစု ၁၈၄ ဦး၊ မွန်လူမျိုးစု ၂၆ ဦး၊ ရခိုင်လူမျိုးစု ၃၈ ဦးနဲ့ ရှမ်းလူမျိုးစု ၂၈ ဦး စုစုပေါင်း ၃၆၈ ဦးတို့ပဲဖြစ်ပါတယ်။

နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှာ တာဝန်ထမ်းဆောင်နေတဲ့ လူမျိုးစုအလိုက်၊ ရာထူးအလိုက် အသေးစိတ်စာရင်းကို တင်ပြပါ Power Point မှာ မြင်ရမှာဖြစ်ပါတယ်။ ဒါကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ နေပြည်တော်(ရုံးချုပ်)မှာ တာဝန်ထမ်းဆောင်နေတဲ့ လူမျိုးအလိုက်၊ ရာထူးအလိုက်ဝန်ထမ်းများခန့်ထားပြီးစီးမှုအခြေအနေပဲ ဖြစ်ပါတယ်။ ဒါကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှာ တာဝန်ထမ်းဆောင်နေတဲ့ လူမျိုးစု/ရာထူးအလိုက် ဝန်ထမ်းများခန့်ထားမှုစာရင်းပဲ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ဖို့အတွက် မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မူဝါဒတွေချမှတ်ပြီးတော့ တာဝန်များသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြချက်အစပိုင်းမှာ ဖော်ပြထားခဲ့သလို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးရုံးနဲ့ ဦးစီးဌာနနှစ်ခုဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံးကိုလည်း အခြားဝန်ကြီးဌာနများကဲ့သို့ ဌာနခွဲငါးခုနဲ့ခွဲပြီးတော့ လုပ်ငန်းများဆောင်ရွက်နေကြောင်း ဖြေကြားအပ်ပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးရုံးနှင့် ဦးစီးဌာနနှစ်ခုက ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းတွေကတော့ မြန်မာဘာသာစကားမှသည် တိုင်းရင်းသားဘာသာစကားဆီသို့ စကားပြောစာအုပ်များ၊ တိုင်းရင်းသားများ၏ရိုးရာအမွေအနှစ်များ၊ စကားပုံများ၊ စကားထာစာအုပ်များပြုစုခြင်းနဲ့ တိုင်းရင်းသားမျိုးနွယ်စု ၆၄ စုတို့၏သမိုင်းကြောင်း၊ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ၊ အထင်ကရ

နေရာများ၊ ရိုးရာအစားအသောက်များ၊ ပွဲတော်များ၊ နေ့ထူးနေ့မြတ်များစတဲ့ အချက်အလက်များ ပါဝင်တဲ့ လက်ကမ်းစာစောင်များကို ပြုစုခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေရဲ့ အကူအညီဖြင့် တိုင်းရင်းသားဘာသာ ၄၄ မျိုးသို့ ဘာသာပြန်ဆိုဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်းပြီးတော့ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များနှင့် UNICEF ကထုတ်ဝေတဲ့ ကျန်းမာရေးဆိုင်ရာအသိပညာပေးပိုစတာများကို တိုင်းရင်းသားဘာသာတွေနဲ့ ပြန်ဆိုခြင်းများ ပြုလုပ်ပေးခဲ့ပါတယ်။ ဝတ်စားဆင်ယင်မှုများကို ဝန်ကြီးဌာနအတွင်းမှ ပြခန်းငယ်များပြုလုပ်ပြီးတော့ ခင်းကျင်းပြသခြင်း၊ လက်ကမ်းစာစောင်များပြုလုပ်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ခေတ်ပုံမှတ်တမ်းများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အသုံးအဆောင်များနှင့် တိုင်းရင်းသားဝတ်စုံများကိုလည်း စုစည်းပြီးပြသထားရှိပါတယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ လူနည်းစုလူမျိုးများရဲ့ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ၊ လူနေမှုဘဝပုံစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ ပွဲတော်များကို ကွင်းဆင်းဖော်ထုတ်မှတ်တမ်းတင်ရိုက်ကူးခြင်းများကိုလည်း ပြုလုပ်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းသားမျိုးနွယ်စုများပျံ့နှံ့နေထိုင်မှုများကို လေ့လာ၍ မှတ်တမ်းများလည်းပြုစုလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန UNICEF, UNESCO, UIF, OPM တို့နှင့်ပူးပေါင်းပြီးတော့ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများရဲ့အခြေအနေကို လေ့လာအကဲဖြတ်တဲ့ သုတေသနလုပ်ငန်း Out of School Children Initiative-OoSCI များကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားစာပေကို အခြေခံပညာကျောင်းများမှာ ကျောင်းချိန်အတွင်း သင်ကြားနိုင်ရေး၊ တိုင်းရင်းသားဘာသာသင် ဆရာဆရာမများခန့်အပ်နိုင်ရေး၊ သုတေသနဆောင်ရွက်မည့်လုပ်ငန်းများမှာ ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအပြင် ဒေသအလိုက် သင်ရိုးများရေးဆွဲရာမှာလည်း ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ၎င်းအပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များကို မှတ်ပုံတင်နိုင်ရေး၊ တိုင်းရင်းသားစာပေသင်ကြားမှု လုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရေးတို့အတွက် အဲဒီအဖွဲ့တွေနဲ့ဆက်သွယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးစောင့်ရှောက်တဲ့ဥပဒေကို လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပမှအစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်တိုင်းရင်းသား လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှာ တာဝန်ထမ်းဆောင်မှုတွင် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးရွေးချယ်ခန့်အပ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့်ပတ်သက်ပြီးတော့ တိမ်ကောပျောက်ကွယ် လုနီးပါးဖြစ်နေတဲ့ ထနော့တို့၊ တောင်သားတို့ အဲဒီစာရင်းတွေရော ၁၃၅ မျိုးမှာ ထည့်သွင်းဖို့ရှိပါ သလား၊ ဒီ ၁၃၅ မျိုးကိုလည်း ပြန်လည်စိစစ်ဖို့ရှိပါသလားဆိုတာ တစ်ဆက်တစ်စပ်တည်းမေးအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

**ဦးလှမော်ဦး(ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ အဲဒီဖော်ပြပါ ထနော့လူမျိုးတွေရဲ့ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေကို ရိုက်ကူးဖော်ထုတ်ပြီးဖြစ်ပါတယ်။ အလားတူပဲ ရှမ်းပြည်နယ်အတွင်းမှာရှိနေတဲ့ အချို့သောတိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကိုဖော်ထုတ်ပြီး နိုင်ငံတော်ကိုတင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်မယ့်အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။

**နိုင်ငံတစ်ဝန်း မြို့ဟုသတ်မှတ်အသိအမှတ်ပြုထားသည့်မြို့များတွင် လိုအပ်သည့် ဖွံ့ဖြိုးစည်ပင်သာယာ ရေးအတွက် ရေတိုရေရှည်အစီအမံများချမှတ်၍ ရန်ပုံငွေချပေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မဒီနေ့မေးမြန်းမှာကတော့ ပြည်ထဲရေးဝန်ကြီးဌာနက အသိအမှတ်ပြုထား တဲ့ မြို့များကိစ္စပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ကို လွှတ်တော်မဲဆန္ဒနယ် ၃၃ဝ တို့ဖြင့်အခြေခံကာ မြို့နယ် အဖြစ်တည်ဆောက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၅၁ ပုဒ်မခွဲ(ခ)အရ ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်များအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အလားတူ မြို့အဆင့်ဖြစ်နေပြီဖြစ်တဲ့ ကျေးရွာအုပ်စု ကြီးကိုလည်း မြို့အဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။ သို့သော်လည်း မြို့အဖြစ်သတ်မှတ်ခေါ်ဝေါ်ခံရ ပေမဲ့ မြို့နှင့်ထိုက်တန်တဲ့ ဖွံ့ဖြိုးစည်ပင်စေတဲ့အစီအမံတွေ၊ ဆောင်ရွက်ပေးမှုတွေ အားနည်းနေတာနဲ့ ပတ်သက်ပြီး ကျွန်မအနေနဲ့ ထောက်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွန်ခဲ့တဲ့လများက ကျွန်မတို့ကိုယ်စားလှယ်အချို့ဟာ ချင်းပြည်နယ်၊ ရိဒ်ခေါဒါ မြို့ကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ဒေသခံမိတ်ဆွေများနှင့်စကားပြောတဲ့အခါမှာ ဒီနေ့ သူတို့ မြို့နှင့်ပတ်သက်ပြီး ရင်ဆိုင်နေရတဲ့အခက်အခဲတွေ၊ ခံစားချက်တွေ၊ မြင်တာ၊ သိတာတွေကို ထောက်ပြ တဲ့အခါ အင်မတန်မှကို စိတ်ဝင်စားဖို့ကောင်းပြီး သူတို့တွေကို ဘယ်လိုကူညီနိုင်မလဲ၊ ပံ့ပိုးနိုင်မလဲလို့ ကျွန်မတို့စဉ်းစားခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ကြီးမှာ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ဒီမြို့လေးကို အရင်တပ်မတော်အစိုးရခေတ်ကတည်းက မြို့အဖြစ်အသိအမှတ်ပြုခဲ့တာ ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အလားတူမြို့တွေ၊ တစ်နည်းအားဖြင့် ပြည်ထဲရေးအမည်ပေါက်မြို့

တွေ ၄၃၀ ကျော်ရှိတယ်လို့ ကျွန်မတို့လေ့လာသိရှိရပါတယ်။ ပြီးတော့ မြို့လေးတွေအားလုံးရဲ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာလည်း အတူတူပဲ ဖြစ်မှာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးက မြို့များအားလုံးနဲ့ အနာဂတ်မှာဖြစ်ပေါ်လာမယ့်မြို့များအားလုံးအတွက် ဒီမေးခွန်းဟာ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဥပဒေအရ ဒီနေ့တည်ထောင်ထားကြတဲ့မြို့တွေဟာ ကျေးရွာလည်း မဟုတ်တော့သလို မြို့နယ်လည်းမဟုတ်ကြပါဘူး။ သာမန်အားဖြင့် စည်ပင်သာယာရေးအဖွဲ့တွေရှိလာတယ်။ ရွာနှင့်မတူတော့တဲ့ စည်ပင်အခွန်အကောက်စနစ်တွေ ဖြစ်လာတယ်။ ဒီအခွန်တွေနဲ့ ဒီမြို့ကိုဖွံ့ဖြိုးအောင်လုပ်နိုင်မယ်လို့ ယေဘုယျတွက်ဆလို့ ရပါတယ်။ သို့သော်လည်း လက်တွေ့မှာတော့ ဒီတွက်ဆမှုဟာ မှားယွင်းနေပါတယ်။ နိုင်ငံတစ်ဝန်းက ကျေးရွာတွေ စည်ပင်ဝပြောဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်တဲ့ဦးစီးဌာနတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိနေပြီး ကျေးလက်အခြေခံအဆောက်အဦတွေ၊ ရေအရင်းအမြစ်ရရှိရေးအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ထောက်ပံ့ဖြည့်ဆည်းပေးနေရပါတယ်။ အခုဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း လမ်းတွေဖြစ်လာဖို့ စီမံပေးနေပါတယ်။ ကမ္ဘာ့ဘဏ်ချေးငွေနှင့် CTC စီမံကိန်းလို၊ VPP စီမံကိန်းလို ရွာလူထုစိတ်ကြိုက်တည်ဆောက်နိုင်မယ့်လုပ်ငန်းတွေ၊ မြစိမ်းရောင်လိုချေးငွေတွေ ဒါတွေရှိနေချိန်မှာ ကျွန်မအခုတင်ပြတဲ့မြို့ကလေးတွေကတော့ ဒီစီမံကိန်းတွေ၊ ဒီရငွေတွေနှင့် မသက်ဆိုင်တော့ဘူး ဖြစ်နေပါတယ်။ ဒီလိုပြောတာကလည်း တစ်ဖက်ကကြည့်ရင် မြို့နယ်ရုံးစိုက်တဲ့မြို့များလို အိမ်ထောင်စုအရေအတွက်၊ ဖြတ်သန်းတဲ့ယာဉ်အရေအတွက်၊ ဈေးတွေရဲ့ရောင်းဝယ်လှုပ်ရှားမှုပမာဏတွေဟာ မများလေတော့ မြို့စည်ပင်အခွန်ဆိုတာ ဘာမှပြောပြလောက်အောင် မရှိပါဘူး။ သူ့ငွေနှင့်သူဖွံ့ဖြိုးအောင် တည်ဆောက်ရပ်တည်ရမယ်ဆိုရင်တော့ လက်တွေ့မှာ ခက်ခဲလှပါတယ်။ အခြားထောက်ပံ့ငွေ ဖွံ့ဖြိုးရေးအကူအညီတွေလည်း မရတာမို့ မိမိအခွန်နှင့်စီမံဖွံ့ဖြိုးစေရေးဟာ မဖြစ်နိုင်သကဲ့သို့ ဖြစ်နေပါတယ်။ အလှမ်းကျယ် အလယ်လပ် ဆိုတဲ့ မြန်မာစကားပုံရှိပါတယ်။ အခုလည်း ကျေးလက်ဖွံ့ဖြိုးရေးရအောင် ၂၀၁၀ ခုနှစ်ကစပြီးလုပ်ခဲ့ကြလို့ ကျေးရွာပြည်သူလူထုတွေအတွက် လမ်းတွေ၊ တံတားတွေ၊ ရေကန်တွေအတွက် ကျွန်မတို့ရန်ပုံငွေတွေ ခွဲဝေချထားပေးနိုင်ခဲ့တာ ရှစ်နှစ်အကြာမှာ အတော်လေးကို ခရီးရောက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်လည်း လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်မတို့လုပ်ဆောင်ကြရဦးမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မြို့ပြဖွံ့ဖြိုးရေးအတွက် စည်ပင်ရန်ပုံငွေ၊ နိုင်ငံတော်ရဲ့ရန်ပုံငွေတွေကို နှစ်စဉ်အသုံးပြုပြီး ဆောင်ရွက်ပေးနိုင်နေပြီ ဖြစ်ပါတယ်။ ပြီးပြည့်စုံတဲ့ အခြေအနေတွေကို ရောက်ဖို့ကတော့ ကြိုးစားရဦးမှာဖြစ်ပေမဲ့ အတန်အသင့် ခရီးရောက်နေပြီး တစ်နည်းအားဖြင့်တော့ လမ်းကြောင်းပေါ်ရောက်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအချိန်မှာ အခုကျွန်မပြောတဲ့မြို့တွေကို မေ့လျော့မထားသင့်တာကို ဒီနေ့လွှတ်တော်ကြီးကနေတစ်ဆင့် အသိပေးတင်ပြလိုပါတယ်။ မြို့နယ်လည်းမဟုတ်၊ ကျေးလက်လည်းမဟုတ်၊ ပြောရရင်တော့ တောမကျ၊ မြို့မကျ၊ တောမရောက်၊ တောင်မရောက်နှင့် အလှမ်းကျယ်အလယ်လပ်နေတဲ့မြို့တွေအတွက် ပြည်ထောင်စုအစိုးရအနေနဲ့ အစီအမံတွေချမှတ်ဖို့၊ ဘဏ္ဍာရန်ပုံငွေတွေ ခွဲဝေပေးဖို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပြီး မြို့တွေမှာ လိုအပ်နေတဲ့၊ ရှိသင့်

ရှိထိုက်တဲ့ အဆင့်မီဖွံ့ဖြိုးသာယာရေးအတွက် အားနည်းချက်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်မရဲ့ မြန်မာနိုင်ငံတစ်ဝန်းမြို့များရဲ့ ဖွံ့ဖြိုးစည်ပင်သာယာမှု အပေါ် ရေတို၊ ရေရှည်အစီအမံများဖြင့် ဘဏ္ဍာငွေချမှတ်၍ တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ နိုင်ငံတစ်ဝန်း မြို့ဟု သတ်မှတ်အသိအမှတ်ပြုထားသော မြို့များတွင် လိုအပ်သည့်ဖွံ့ဖြိုးစည်ပင်သာယာရေးအတွက် ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ရန်ပုံငွေချပေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး အတွက် ၂၀၁၁ ခုနှစ်မတိုင်မီက ရန်ကုန်နှင့် မန္တလေးမြို့ကြီးနှစ်မြို့မှအပ ကျန်မြို့များအားလုံးကို စည်ပင်သာယာရေးကို နိုင်ငံတော်မှ ဝန်ကြီးဌာနဖွဲ့စည်းပြီး ဗဟိုမှ တိုက်ရိုက်စီမံခန့်ခွဲသောစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှစတင်ပြီးတော့ မြို့များဖွံ့ဖြိုးတိုးတက်၍ သာယာလှပစေ ရန်နှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး/ ပြည်နယ်များက ပြဋ္ဌာန်းပိုင်ခွင့်ရှိသော ဥပဒေပြုစာရင်းဇယားနှင့်သော်လည်းကောင်း၊ အခွန်ဆိုင်ရာ ဇယား(၅)တွင်လည်းကောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို ဖော်ပြထားရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအား လုပ်ပိုင်ခွင့်အပ်နှင်းထားကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ အရ အရအသုံးဆိုင်ရာလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့တင်ပြညှိနှိုင်းပြီး ပြည်ထောင်စု ဘဏ္ဍာငွေမှ ရရှိသည့်ထောက်ပံ့ရန်ပုံငွေများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေ စာရင်းများကို သက်ဆိုင်ရာလွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူကာ မြို့များ ဖွံ့ဖြိုးစည်ပင် သာယာရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီဝင်များက မြို့အဖြစ်အဆင့်တိုးသတ်မှတ်သည့်မြို့များတွင်ဖြစ်စေ၊ မူလသတ်မှတ်ပြီး မြို့များ တွင်ဖြစ်စေ၊ အမှန်ဆောင်ရွက်သင့်သော ဖွံ့ဖြိုးရေး၊ တိုးတက်ရေးလုပ်ငန်းများကို တင်ပြလာပါက ကောက်ခံရရှိတဲ့ အခွန်ငွေပမာဏနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စီမံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အလိုက် မြို့ဟုအသိအမှတ်ပြု ထားသည့်မြို့များအပေါ် ဖွံ့ဖြိုးတိုးတက်စေရန် စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ဆောင်ပေးမှု

**မူကြမ်း**

အခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ပြန်ကြားချက်များကို အကျဉ်းချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါအကျဉ်းချုပ်များကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ တင်ပြပါအချက်များကို ဖတ်ကြားရှင်းလင်းရန်ဆောင်ရွက်ခဲ့သော်လည်း အချိန်ကြာမြင့်မည်စိုးသဖြင့် Power Point ဖြင့် ကောက်နုတ်တင်ပြရခြင်း ဖြစ်ပါကြောင်း ပထမဦးစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ ကယားပြည်နယ်မှာ မြို့သုံးမြို့ရှိပြီး မြို့သစ်မြို့ လွိုင်လင်လေးမြို့နှင့် နန်းဖယ်ခုံမြို့တို့ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြို့သစ်မြို့အတွက် ငွေကျပ် ၃၉ သန်း၊ လွိုင်လင်လေးမြို့အတွက် ငွေကျပ် ၂၀၅ သန်း၊ နန်းဖယ်ခုံမြို့အတွက် ငွေကျပ် ၈၆ သန်းကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ထောက်ပံ့၍ မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိကြောင်း တင်ပြထားရှိပါတယ်။ ကရင်ပြည်နယ်မှာ မြို့ကိုးမြို့ရှိပြီး လိပ်သိုမြို့၊ ဘောဂလိမြို့၊ ရှမ်းရွာ(၁)၊ ပိုင်ကျုံမြို့၊ ကမမောင်းမြို့၊ ဘုရားသုံးဆူမြို့၊ ကျိုက်ဒုံမြို့၊ ဝေါလေမြို့၊ စုကလိမြို့တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာစပြီးတော့ ကောက်ခံရရှိတဲ့အခွန်ငွေသာမက ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ မြို့ ၁၃ မြို့ရှိပြီး အဆိုပါ ၁၃ မြို့အနက် နာဂဒေသဖြစ်သည့် ဆွမ္မရာမြို့၊ ထန်ပါခွေမြို့၊ ဒုံဟီးနှင့် ပန်ဆောင် (၄)မြို့များမှာ နာဂတိုင်းရင်းသားလူမျိုးများနေထိုင်သည့် တောင်ပေါ်မြို့များဖြစ်သည့်အတွက် စည်ပင်သာယာရေးနှင့်သက်ဆိုင်သည့် အခွန်အခရရှိမှုနည်းပါးသဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ထောက်ပံ့ရန်ပုံငွေနဲ့ စစ်ကိုင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေတို့မှ လိုအပ်သည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြထားပါတယ်။ စိုင်ပြင်မြို့နှင့် မော်လူးမြို့တို့မှာ မကြာသေးမီက မြို့အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်တဲ့အတွက် ရုံးများစတင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်တဲ့ ရုံးအဆောက်အဦနှင့် လိုအပ်တဲ့ပစ္စည်းများကို လာမယ့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ထားကြောင်း တင်ပြထားရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဇီးကုန်းမြို့အတွက် ၆၀ သန်း၊ မော်လူးမြို့အတွက် ၃၀ သန်း၊ ဆွမ္မရာမြို့အတွက် ၃၀ သန်း၊ ထန်ပါခွေမြို့အတွက် ၅၈ သန်းနှင့် ပန်ဆောင်မြို့အတွက် ၂.၇၈ သန်းတို့ကို တိုင်းဒေသကြီးထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားရှိပါတယ်။ ရခိုင်ပြည်နယ်မှာ မြို့ကိုးမြို့ရှိပြီးတော့ ပေလီမြို့၊ တပ်တောင်မြို့၊ ကမ်းထောင်းကြီးမြို့၊ မအီမြို့၊ ကျွန္တလီမြို့တို့မှာ အခွန်အခစည်းကြပ်ကောက်ခံလျက်ရှိတဲ့အတွက် စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်ပြိုလက်ဝဲမြို့၊ ခမောင်းဆိပ်မြို့နှင့် မြင်းလွတ်မြို့မှာတော့ လက်ရှိအခြေအနေအရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်းနှင့် စနဲမြို့ဟာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၁၀၀ ထောက်ပံ့ပြီး ဆောင်ရွက်နိုင်ရေး လျာထားကြောင်း တင်ပြထားရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာတော့ မြို့ခြောက်မြို့ရှိပြီး ကလိန်အောင်မြို့၊ မေတ္တာမြို့၊ ပလောက်မြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ကရသူရိမြို့နှင့် ခမောက်ကြီးမြို့တို့ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တင်ပြပါမြို့များအတွက် တင်ပြပါစည်ပင်သာယာရေးလုပ်ငန်းများကို

ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တင်ပြပါ စည်ပင်သာယာရေးလုပ်ငန်း များကို တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရဲ့ကြီးကြပ်ကွပ်ကဲမှု၊ ထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက် လျက်ရှိကြောင်း တင်ပြထားရှိပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာ မြို့ ၂၆ မြို့ရှိပြီး တိုင်းဒေသကြီးအစိုးရရန်ပုံငွေထောက်ပံ့မှုအပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၀၃၉ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၂၃၃၀ သန်း၊ ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၂၅၀၅ သန်းကို ထောက်ပံ့ ပေးပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ မြို့ငါးမြို့ရှိပြီး စလေမြို့၊ ကမ္မမြို့၊ မြစ်ခြေမြို့၊ ကျောမြို့နှင့် ကျောက်ထုမြို့တို့ ဖြစ်ပါတယ်။ စလေမြို့အတွက် တင်ပြပါ အတိုင်း ၂၀၁၈ Mini ဘဏ္ဍာရေးနှစ်မှာ ၃၁၃ သိန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၂၁၉ သိန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၁၁၂ သိန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ၆၀ သိန်း ရန်ပုံငွေများ ချထားဆောင်ရွက်မယ်လို့ လျာထားကြောင်းတင်ပြထားရှိပါတယ်။ ကမ္မမြို့၊ မြစ်ခြေမြို့၊ ကျောက်ထုမြို့တို့မှာတော့ ဝင်ငွေရရှိမှုဟာ ၁၇ သန်းကျော်သာရှိတဲ့အတွက် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၂၀၈ သိန်းကျပ် ထောက်ပံ့ရန်ပုံငွေခွဲဝေဆောင်ရွက် ကြောင်း တင်ပြထားရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ မြို့နှစ်မြို့ရှိပြီး တကောင်းမြို့နှင့် ငါးသရောက်မြို့ဖြစ်ပါတယ်။ အခွန်အခအကောက်များ ကောက်ခံရရှိမှုနည်းပါးတာဖြစ်တဲ့အတွက် တင်ပြပါစည်ပင်သာယာရေး လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ်ထောက်ပံ့ပေးလျက် ရှိကြောင်း တင်ပြထားရှိပါတယ်။ မွန်ပြည်နယ်မှာ မြို့ခုနစ်မြို့ရှိပြီး တင်ပြပါ သုဝဏ္ဏဝတီမြို့၊ ကမာဝက် မြို့၊ သိမ်ဇရပ်မြို့၊ ကျိုက္ခမီမြို့၊ လမိုင်းမြို့၊ ခေါဇာမြို့နှင့် ဇင်းကျိုက်မြို့တို့ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တင်ပြပါအတိုင်း မြို့အလိုက် တိုင်းဒေသကြီး ရန်ပုံငွေ၊ စည်ပင်သာယာရေးရန်ပုံငွေများမှ ထောက်ပံ့ပေးလျက်ရှိပြီးတော့ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အတွက်လည်း တင်ပြပါအတိုင်း မြို့အလိုက် ရန်ပုံငွေများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြထားရှိပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ကတော့ စည်ပင်သာယာရေးလုပ်ငန်းများကို ရှမ်းပြည်နယ် အတွင်းမှာ ဌာန ၈၀ ခုနှင့် ဆောင်ရွက်လျက်ရှိပြီးတော့ အခွန်အခကောက်ခံခြင်းမရှိတဲ့မြို့လေးမြို့၊ မလုံလောက်တဲ့မြို့ ၃၃ မြို့ရှိကြောင်းနှင့် ၎င်းမြို့တို့အတွက် လစာနှင့်သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များအား ပြည်နယ်အစိုးရရန်ပုံငွေနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန တို့မှ နှစ်စဉ်ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြထားရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အနေနဲ့ မြို့ငါးမြို့ရှိပြီး ကျုံမငေး မြို့၊ ကနောင်မြို့၊ ဘက်ရဲမြို့၊ အထောင်မြို့၊ အသုတ်မြို့တို့ ဖြစ်ပြီးတော့ ၎င်းမြို့တွေဟာ သီးခြားရသုံး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲဆောင်ရွက်ခြင်းမရှိဘဲနဲ့ ၎င်းမြို့များ ပါဝင်သော မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့များတွင်သာ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားရှိပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြား ချက်များအရ မြို့ဟုသတ်မှတ်ထားသော မြို့များတွင် မြို့စည်ပင်သာယာရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်း၍ စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည့်မြို့မှာ မြို့အနည်းစုသာဖြစ်ပြီး ကျန်မြို့

များမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများရဲ့စီမံခန့်ခွဲမှုဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးစည်ပင်သာယာရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ခွဲဝေထောက်ပံ့ရရှိသော ရန်ပုံငွေအရသာ နှစ်စဉ်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဖော်ပြပါမြို့များတွင် အခွန်ကောက်ခံရရှိမှုနည်းပါးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း၊ ဖွံ့ဖြိုးမှုအခြေခံအချက်များ မတူညီခြင်း၊ နယ်မြေဒေသတည်နေရာနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေ ကွဲပြားခြားနားခြင်းတို့ကြောင့် မြို့များမှ တင်ပြလာသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာ စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ထောက်ပံ့ရန်ပုံငွေခွဲဝေပေးလျက်ရှိပါသည်။ မြို့ကြီးများနှင့် မြို့နယ်အဆင့်ရှိ စည်ပင်သာယာရေးကော်မတီတို့တွင် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်၊ နှစ်တို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း မြို့ဟုသတ်မှတ်သော မြို့အများစုတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ နှစ်စဉ်ချမှတ်ပေးသော ရန်ပုံငွေအတိုင်းအတာကိုသာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ နှစ်စဉ်စီမံချက်များ ချမှတ်ပြီး မြို့ဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ဖြေကြားချက်အပေါ် ပေါင်းစပ်၍ ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီဝင်က ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အခြေခံပညာအထက်တန်းအဆင့် အသစ်ပြဋ္ဌာန်းမည့်(KG+12)သင်ရိုးဖြင့် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့်သိပ္ပံဘာသာရပ်များ သင်ကြားရာတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုရလဒ်မြင့်မားစေရေးနှင့် သင်ယူမှုရလဒ်အရသိရှိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်း အဆင့်အထိ ရောက်ရှိနိုင်ရန် ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ လွှတ်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ပဲ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် ပညာခေတ်ကို ရောက်ရှိနေပါပြီ။ နေရာတကာမှာ ပညာသည်အဓိက အခန်းကဏ္ဍမှာ ပါဝင်နေပြီဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဟာလည်း ပညာပေါ်မှာ မှီတည်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စနစ်သစ် (KG +12)စနစ်အရ Grade-10၊ Grade-11၊ Grade-12 အတန်းတွေရဲ့ ဘာသာရပ်တွေကို ၂၀၂၀ ပညာသင်နှစ် သင်ရိုးသစ်နဲ့ စတင်တော့မှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ သင်ရိုးသစ်ကျောင်းသုံးဖတ်စာအုပ်များကို ပြုစုရေးသားရတော့မှာဖြစ်တဲ့အတွက် မူလအတိုင်းပဲ အင်္ဂလိပ်ဘာသာနှင့် ပြုစုရေးသားမှာလား၊ မြန်မာဘာသာနဲ့ပြုစုရေးသားမှာလား၊ အင်္ဂလိပ်ဘာသာ၊ မြန်မာ

ဘာသာနှစ်ဘာသာနဲ့ ပြုစုရေးသားမှာလားဆိုတာ ပြတ်သားနဲ့မူဝါဒဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်ခင်ဗျား။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအထက်တန်းအဆင့်ရဲ့ သိပ္ပံဘာသာရပ် ဇီဝ၊ ဓာတု၊ ရူပနဲ့ သင်္ချာဘာသာရပ်တွေကို အင်္ဂလိပ်ဘာသာနဲ့ ဘာသာအဖြစ် ကျောင်းသုံးဖတ်စာအုပ်များမှာ ပြုစုသင်ကြားခဲ့တာ ၁၉၈၆ ခုနှစ်ကစပြီး ယခု ၂၀၁၈ ခုနှစ်အထိ ၃၂ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီ ၃၂ နှစ်တာကာလအတွင်း ကျောင်းသူကျောင်းသားများနဲ့ ဆရာဆရာမများဟာ ဘာသာစကားအတားအဆီးအခက်အခဲနဲ့ ဘာသာရပ်ဆိုင်ရာ သဘောတရားနားလည်မှု အားနည်းတဲ့အခက်အခဲတစ်ခုကို ရင်ဆိုင်နေကြပါတယ်။ ဆရာဆရာမများ သင်ကြားရေးစနစ်မှာ ဘာသာပြန်တဲ့ သင်နည်းစနစ်ကို အသုံးပြုသင်ကြားခဲ့ရသလို ကျောင်းသူကျောင်းသားများဟာလည်း ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေစနစ်နဲ့ သင်ကြားသင်ယူမှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တဲ့အတွက် ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူမှု၊ တတ်မြောက်မှုဟာ အတော့်ကိုနိမ့်ကျနေတယ်ဆိုတာ သိသာထင်ရှားလှပါတယ်ခင်ဗျား။ သင်ယူမှုရလဒ်အရ (၁) သိရှိခြင်း၊ (၂) နားလည်ခြင်း၊ (၃) အသုံးချခြင်း၊ (၄) ခွဲခြမ်းစိတ်ဖြာခြင်း၊ (၅) ပေါင်းစပ်ဖန်တီးခြင်း၊ (၆) အကဲဖြတ်ခြင်းဆိုတဲ့ အဆင့် ၆ ဆင့်ရှိရာမှ အဆင့်နှစ်ဆင့်အထိ နားလည်မှုက အမြင့်ဆုံးဖြစ်ပါတယ်။ အဆင့်(၃) အသုံးချခြင်းအဆင့်ထိ ရောက်တဲ့သူမရှိသလောက်ကို နည်းလှပါတယ်ခင်ဗျား။ ဒါဟာ သင်ကြား၊ သင်ယူမှုဘာသာစကား အခက်အခဲကြောင့် ဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၆ ခုနှစ်ရဲ့ အရှေ့ပိုင်း သင်ကြား၊ သင်ယူခဲ့တဲ့ ဆရာဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေဟာ ဘာသာစကားအခက်အခဲကိုကျော်လွှားရန်မလိုဘဲ ဘာသာရပ်အခက်အခဲတစ်ခုထဲကိုသာ ကျော်လွှားနေရတဲ့အတွက် ဘာသာရပ်ကျွမ်းကျင်မှုဆီကို ဦးတည်နိုင်ပြီး အသုံးချခြင်းဆိုတဲ့ အဆင့်(၃)အထိ ရောက်ရှိနိုင်ခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ ဒီအဆင့်ထက်လည်း ပိုရင့်ပိုနိုင်ပါတယ်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ ဒုတိယ ခြောက်ပတ်အစီရင်ခံစာမှာလည်း အထက်တန်းအဆင့်မှာ သင်္ချာနဲ့သိပ္ပံတွေကို သင်ကြား၊ သင်ယူရာမှာ အင်္ဂလိပ်စာဘာသာရပ်ကိုသုံးမည့်အစား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှစ်မျိုးပေါင်း အသုံးပြုသင်ကြားသင့်ကြောင်း အကြံပြုဖော်ပြထားတဲ့အပြင် အဆိုပါအကြံပြုချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံတကာသုံး ဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာ အရေးကြီးလှတယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ ဘာသာရပ်ကို သင်ကြားရာမှာ အင်္ဂလိပ်ဘာသာနှင့် သင်ကြား၊ သင်ယူခြင်း၊ ဘာသာစကားကျွမ်းကျင်မှုကို အနည်းအကျဉ်းအထောက်အကူပြုနိုင်သော်လည်း ဘာသာရပ်များရဲ့ ကျွမ်းကျင်မှုအတွက် ဘာသာရပ် သဘောတရားကို နားလည်အောင်သင်ကြားရန် ခက်ခဲကြောင်းတွေ့ရှိနေရပါတယ်။ ဒါကြောင့် အင်္ဂလိပ်စာစွမ်းဆောင်ရည်မြင့်မားရေးအတွက် အရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည် စတဲ့ လေးမျိုးစလုံးကို ကျွမ်းကျင်အောင် အလယ်တန်းအဆင့်မှာထဲက စီမံချက်ချ သင်ကြားခဲ့ရင် အင်္ဂလိပ်စာအားနည်းခြင်းကို ပြန်လည်အဆင့်မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ မြန်မာဘာသာသင်ကြားရေးနဲ့စပ်လျဉ်းပြီးတော့မှ သိပ္ပံနဲ့သင်္ချာဝေါဟာရများကို မြန်မာဘာသာသို့ ပြန်ဆိုရန်မလိုပဲ ပြန်ဆိုမယ်ဆိုပါကလည်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှစ်မျိုးလုံးဖော်ပြလျက် ရေးသားပြုစုလို့လည်း

ရပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ သုံးခဲ့တဲ့ မြန်မာဘာသာနဲ့ရေးသားပြုစုထားတဲ့ သင်္ချာနဲ့သိပ္ပံကျောင်းသုံးစာအုပ်တွေကို နမူနာအနေနဲ့ ကြည့်ရှုရည်ညွှန်းကိုးကားအသုံးပြုမယ်ဆိုရင် ရနိုင်ကြောင်း အကြံပြုလိုပါတယ်ခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အလွတ်ကျက်တဲ့ပညာရေးစနစ်မှာ စဉ်းစားတွေးခေါ်မှုကိုအားပေးတဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော တီထွင်ဖန်တီးတတ်သော စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်သော၊ ပူးပေါင်းဆောင်ရွက်တတ်သော ကမ္ဘာ့လူသားကောင်း၊ သားကောင်းသမီးမွန်များ မွေးထုတ်နိုင်ဖို့အတွက် စနစ်သစ်ပညာရေးကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်ကြောင်း လမ်းညွှန်ထားပါတယ်။ အဲဒီလမ်းညွှန်ချက်နဲ့အညီဆိုရင်တော့ ဘာသာရပ်ကိုပိုမိုကျွမ်းကျင်စေနိုင်ရေးအတွက် မြန်မာဘာသာစကားဖြင့် သင်ကြားသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ရဲ့မေးခွန်းဖြစ်တဲ့ မြန်မာဘာသာဖြင့် ကျောင်းသုံးစာအုပ်များကို အထက်တန်းအဆင့်ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းအောင်၏ မေးခွန်းဖြစ်သော အခြေခံပညာပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် အခြေခံပညာအထက်တန်းအဆင့် အသစ်ပြဋ္ဌာန်းမည့် (KG+ 12)သင်ရိုးတွင် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့်သိပ္ပံဘာသာရပ်များ သင်ကြားရာတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုရလဒ်မြင့်မားစေရန်နှင့် သင်ယူမှုရလဒ်အရသိရှိခြင်း၊ နားလည်းခြင်းနှင့် အသုံးချခြင်းအဆင့်များအထိ ရောက်ရှိနိုင်ရန်အတွက် ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲရေးဆွဲရာတွင် လိုက်နာကျင့်သုံးရန် လမ်းညွှန်မှု ၁၃ ချက်ချမှတ်ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါလမ်းညွှန်မှုများအရ အဆင့်မြင့်ပညာ၊ နည်းပညာနှင့်သက်မွေးပညာရပ်များဆက်လက်လေ့လာမှုအတွက် ပြင်ဆင်ပေးရေးကိုပါ လမ်းညွှန်မှုအချက်တစ်ခုအဖြစ် ထည့်သွင်းထားပါတယ်။ ထိုသို့ ဆက်လက်လေ့လာနိုင်ရန်အတွက် အခြေခံပညာအဆင့်တွင် ပြင်ဆင်ဆောင်ရွက်ပေးထားရမှာဖြစ်ပါတယ်။ အဆင့်မြင့်ပညာ၊ နည်းပညာနှင့်သက်မွေးပညာရပ်များကို နိုင်ငံတကာအဆင့်မီ ဆက်လက်လေ့လာနိုင်ရန်အတွက် နိုင်ငံတကာသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်တတ်မြောက်ရန် အခြေခံပညာအဆင့်ကတည်းက ပြင်ဆင်ဆောင်ရွက်

ထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သင်ရိုးသစ်(KG+12)မှာ အင်္ဂလိပ်စာသင်ကြားမှုကို အရေး၊ အဖတ်၊ အပြော၊ အကြားစွမ်းရည်များရရှိအောင် မူလတန်းအဆင့်ကတည်းက စတင်သင်ကြားပေးပြီး စစ်ဆေးအကဲဖြတ်မှုများကိုလည်း မှတ်မိနိုင်စွမ်းကို အကဲဖြတ်ခြင်းမဟုတ်ဘဲ ကျောင်းသူကျောင်းသူများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုအလိုက် သိရှိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်းအဆင့်များထိရောက်အောင် စစ်ဆေးအကဲဖြတ်သည့်ပုံစံကိုလည်း ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်များအတွက် သင်ခန်းစာများပြုစုရာတွင် သင်ခန်းစာတိုင်းအတွက် သင်ခန်းစာမိတ်ဆက်ခြင်း၊ နိဒါန်းပျိုးခြင်း(Introduction)၊ သင်ကြားသင်ယူခြင်း(Teaching and Learning)၊ လေ့ကျင့်ခြင်း(Practice)၊ ပြန်လည်သုံးသပ်ခြင်း(Review)ဟူသော (ITPR)အစီအစဉ်ဖြင့် ပြုစုရေးသားထားခြင်းကြောင့် ကျောင်းသားကျောင်းသူများသည် မိမိတို့သင်ကြားသင်ယူလေ့ကျင့်ရသော သင်ခန်းစာအတွက် သိရှိခြင်း၊ နားလည်ခြင်းအဆင့်များရရှိနိုင်ပြီး လက်တွေ့လေ့ကျင့်၍ အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်မည့် အခြေအနေအခွင့်အလမ်းပေါ်တွင်မူတည်ပြီး အသုံးချခြင်းအဆင့်ကိုပါ ရရှိနိုင်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သင်ရိုးသစ်မှာ သင်္ချာနှင့်သိပ္ပံဘာသာရပ်များကို မူလတန်းမှအလယ်တန်းအထိ မြန်မာဘာသာဖြင့်ပြုစုထားပြီး အခြေခံအချက်များကို ပြည့်ပြည့်စုံစုံနားလည်သဘောပေါက်စေရန် ပြုစုရေးသားထားပြီးဖြစ်၍ အခြေခံသဘောတရားများကို သိရှိနားလည်နိုင်စွမ်းရှိပါတယ်။ ပညာရပ်တစ်ခု၏အခြေခံသဘောတရားများကို ပိုင်နိုင်ကျွမ်းကျင်လျှင် ဆက်လက်သင်ယူရမည့်အဆင့်များအတွက်အခက်အခဲနည်းပါးမှာဖြစ်ပါတယ်။ ဒါ့အပြင် အလယ်တန်းအဆင့်(Grade-6)မှစ၍ သင်္ချာနှင့်သိပ္ပံဆိုင်ရာဘာသာရပ်အသုံးအနှုန်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ယှဉ်တွဲဖော်ပြထားသဖြင့် ကျောင်းသားကျောင်းသူများအတွက် အထက်တန်းအဆင့်တွင် ကြုံတွေ့ရမည့် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများကို ယဉ်ပါးမှုဖြစ်စေရန် စီစဉ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ သင်ရိုးသစ်အထက်တန်းအဆင့် Grade-10၊ Grade-11၊ Grade-12 တို့တွင် သင်ကြားရမည့်ဘာသာတွဲများကို ကျောင်းသားကျောင်းသူများ၏ ဉာဏ်ရည်၊ ဉာဏ်သွေးအရ သိပ္ပံ၊ နည်းပညာနှင့်သင်္ချာပညာရပ်များကို ဆက်လက်လေ့လာနိုင်မည့် (STEM) Science, Technology, Engineering, Mathematics) ဘာသာတွဲများ၊ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်များကို ဟန်ချက်ညီစွာလေ့လာနိုင်မည့် လူမှုသိပ္ပံ(Social Science)ဘာသာတွဲများအဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကျောင်းသားကျောင်းသူများသည် မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့အရ အဆင့်မြင့်ပညာကို ဆက်လက်သင်ကြားရာတွင် အဆင်ပြေချောမွေ့စေမည့်ဘာသာတွဲများကို ရွေးချယ်သင်ယူခွင့်ရမှာဖြစ်ပါတယ်။ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးရာတွင် နိုင်ငံတကာအဆင့်မီ သင်ယူလေ့လာနိုင်ရန်နှင့် သင်္ချာနှင့်သိပ္ပံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကိုအချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်ရန်အတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသောစာတမ်းများ၊ Internet Websites များကို လေ့လာခြင်းက ပို၍အကျိုးကျေးဇူးဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံ၏အခြေအနေအရ နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားသော စာအုပ်

စာတမ်းများကို ချက်ခြင်းဘာသာပြန်ဆိုရန် အခြေအနေမပေးပါသောကြောင့် မူရင်းဘာသာစကား အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသော စာအုပ်များကိုသာ ဦးစားပေးလေ့လာ သင်ယူရမည်ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူ များအား အင်္ဂလိပ်ဘာသာစကားဖြင့် ပညာရပ်များကို လေ့လာသင်ယူနိုင်သည့် အလေ့အထရရှိစေရန် အတွက် ပြဋ္ဌာန်းစာအုပ်အချို့ဖြစ်သော သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအဆင့်ဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီများကလည်း အထက်တန်းအဆင့်တွင် ထိုဘာသာရပ်များကို အင်္ဂလိပ် ဘာသာဖြင့် ပြုစုသင့်ပါကြောင်း မူအားဖြင့် သဘောတူထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသုံးစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော်လည်း စာသင်ခန်းအတွင်း သင်ကြားမှု၊ သင်ယူမှု၊ လေ့ကျင့်မှုတို့တွင် မြန်မာဘာသာစကားကိုပါ တွဲဖက်အသုံးပြုသင်ကြားမည် ဖြစ်ပါသော ကြောင့် သင်ယူမှုရလဒ်ကို ထိခိုက်စေမည်မဟုတ်ပါကြောင်း ကျောင်းသားကျောင်းသူများ၏ သင်ယူမှု ရလဒ် ပိုမိုကောင်းမွန်စေရေးအတွက် သင်ကြားရေးနည်းပညာ(Teaching Methodology)၊ သင်ကြားသင်ယူမှုလုပ်ငန်းများ(Teaching and Learning Activities)၊ စစ်ဆေးအကဲဖြတ် သည့်နည်းလမ်းများ(Assessment Methods) စသည်တို့ကို သင်ရိုးညွှန်းတမ်းအသစ်၊ ကျောင်းသုံး ဖတ်စာအုပ်များနှင့်အညီ နည်းလမ်းအသစ်များကို အသုံးပြုလျက် သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဖွံ့ဖြိုးတိုးတက်မှု များအရ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို နိုင်ငံတကာအဆင့်မီ ဆက်လက် လေ့လာနိုင်ရန် ယနေ့မျက်မှောက်ခေတ်၏ စက်မှုခေတ်ပြောင်းတော်လှန်ရေး(Industrial Revolution 4.0)တွင် Artificial Intelligence နှင့် Big data ပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း နည်းပညာကွာဟမှု ကြီးမားမှုမဖြစ်လာစေရေးအတွက် ကျောင်းသားကျောင်းသူများ၊ လူငယ်များ၏ တီထွင်ဆန်းသစ် ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးရန် အရည်အသွေးရှိသော ပညာရေး(Quality Education)ဖြင့် ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပြီး တစ်သက်တာသင်ယူသူများအဖြစ် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာနိုင်ငံသားများဖြစ်လာရေးကို ဦးတည်ဆောင်ရွက်မည်ဆိုပါအက သင်္ချာနှင့်သိပ္ပံဆိုင်ရာတိုးတက်ဖြစ်ပေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာသင်ယူလေ့ကျင့်နိုင်ရန်တို့အတွက် (KG+12)သင်ရိုး ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့်သိပ္ပံဘာသာရပ်များ၏ ကျောင်းသုံးစာအုပ်များကို မြန်မာစာဖြင့် ပြုစုသင်ကြားရန် အစီအစဉ်မရှိသေးပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ KG+12 ဆိုတဲ့ အတန်းတွေပြောင်းလာပါပြီ။ မေးခွန်းပုံစံပြောင်းပြီး လုပ်နေတဲ့ ပညာရေးမြင့်တင်မှုကြီးလုပ်နေတာဖြစ်ပါတယ်။ မေးခွန်းပုံစံတွေပြောင်း။ KG+12 တွေ ပြောင်းနေပါပြီ။ ဒါပေမဲ့ ၃၂ နှစ်ကြာအမှားကြီး သင်ကြားလာခဲ့တဲ့ ကျွန်တော်တို့ ဘာသာရပ် အခက် အခဲတွေကို မကျော်လွှားနိုင်တဲ့ အဆင့်-၃ အသုံးချခြင်းအထိတောင် မရောက်နိုင်တဲ့ အမှားကြီးအတိုင်း

ပညာရေးစနစ်ကို ဆက်လျှောက်နေတာကို ပြန်လည်စဉ်းစားသုံးသပ်သင့်ပါတယ်။ အခြေခံပညာရဲ့ ဆရာကြီးဆရာမကြီးတွေကလည်း အထက်တန်းအဆင့်တွေမှာ သင်္ချာနှင့်သိပ္ပံသင်ရိုးတွေကို မြန်မာလို ပြဋ္ဌာန်းပြီးသင်ကြားစေလိုတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၅ ခုနှစ်မှာပြီးဆုံးခဲ့တဲ့ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း CESR ရဲ့အစီရင်ခံစာပါ စာမျက်နှာ ၆၀၊ ၆၁ မှာ ဖော်ပြထားတဲ့ သင်္ချာနှင့်သိပ္ပံဘာသာရပ်များအတွက် သင်ကြားရာတွင်ကြားခံဘာသာစကား အင်္ဂလိပ်စာအပေါ် ကျောင်းသားကျောင်းသူများနှင့်ဆရာဆရာမများရဲ့အမြင်ဆိုတဲ့ အခန်းကဏ္ဍမှာ စိန်ခေါ်မှုများရှိကြောင်း ဖော်ပြထားပြီး မြန်မာဘာသာနှင့်သင်ကြားသင်ယူမှုများကို ပိုမိုလိုလားကြောင်း တွေ့ရှိရပါတယ်။ တွေ့ရှိရတယ်ဆိုတဲ့အကြောင်းကို ထောက်ပြထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းချင်တဲ့တစ်ခုကတော့ ကျွန်တော်တို့ ဒီမြန်မာဘာသာနှင့် ဖော်ပြဖို့အတွက် အခြေခံပညာအထက်တန်းအဆင့်မှာရှိတဲ့ ဆရာကြီးဆရာမကြီးတွေရဲ့ မေးမြန်းစစ်တမ်းလေးများကောက်ယူဖို့ အစီအစဉ်ရှိ/မရှိနှင့် နောက်တစ်ခုကတော့ ကျွန်တော်တို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ အကြံပြုချက်မှာလည်း ပြောထားပါတယ်။ ယေဘုယျအားဖြင့် အခြေခံပညာအထက်တန်းအဆင့်မှာ အင်္ဂလိပ်ဘာသာရပ်မှအပ ဘာသာရပ်အားလုံးကို မြန်မာဘာသာစကားဖြင့်သာ သင်ကြားသင့်ပါတယ်။ သို့ရာတွင် နှစ်ပေါင်း ၃၀ ကျော် အင်္ဂလိပ်ဘာသာစကားကို သင်ကြားမှုဘာသာစကားအဖြစ် အသုံးပြုလာတဲ့အတွက် သင်္ချာနှင့်သိပ္ပံဘာသာရပ်တွေမှာ ပညာရပ်အဝေါကို မြန်မာဘာသာနှင့်အသုံးပြုရတဲ့ အခက်အခဲကို ထည့်သွင်းစဉ်းစားပြီးတော့မှ အင်္ဂလိပ်၊ မြန်မာဘာသာနှစ်မျိုးဖြင့် ပေါင်းစပ်သင်ကြားနိုင်တဲ့မူကိုလည်း အသုံးပြုနိုင်တယ်ဆိုတဲ့အတွက် ကျွန်တော်နောက်တစ်ခု မေးမြန်းလိုတာက။ တစ်ဆက်တစ်စပ်တည်းမေးမြန်းလိုတာက ဒီဘာသာရပ်တွေကို အင်္ဂလိပ်လိုချည်းပဲမဟုတ်ဘဲ မြန်မာလိုကြီးပဲလည်းမဟုတ်ဘဲနဲ့ အင်္ဂလိပ်ဘာသာဘာသာပြန်လို့ခက်ခဲတဲ့နေရာလေးတွေမှာ အင်္ဂလိပ်လိုနဲ့ ဘာသာပြန်လို့လွယ်ကူတဲ့အရင်တုန်းက ၁၉၈၆ အရင်ပိုင်းမှာ တင်ခဲ့တဲ့ပုံစံအတိုင်း အင်္ဂလိပ်ဘာသာ နှစ်ဘာသာမျိုးနဲ့ ပြုစုရေးသားရန် အစီအစဉ်ရှိ/မရှိလည်း တစ်ဆက်တစ်စပ်တည်းမေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဆက်စပ်မေးခွန်းကို ဖြေကြားရရင် ဒီအခြေခံပညာအထက်တန်းအဆင့် သင်္ချာနှင့်သိပ္ပံဘာသာရပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားမည်ဆုံးဖြတ်ခြင်းသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းရဲ့ ဆုံးဖြတ်ချက်မဟုတ်ပါ။ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မရှင်၊ အမျိုးသားအရည်အသွေးအာမခံမှုကော်မရှင်၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ သင်ရိုးညွှန်းတမ်းပြုစုသူများအားလုံးရဲ့ အစီအစဉ်ဖြင့်သာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းပထမပိုင်းကို တင်ပြအပ်ပါတယ်။

ဆက်စပ်မေးခွန်း ဒုတိယပိုင်းအနေနဲ့ ဒီသက်ရိုးညွှန်းတမ်းစာအုပ်များသည် အင်္ဂလိပ်လို ပြုစုထားစေကာမူ သင်ယူခြင်း၊ သင်ကြားခြင်း၊ အတန်းတွင်းရှင်းပြခြင်း၊ Mixing of Instruction အနေနဲ့

မြန်မာဘာသာနှင့်တွဲဖက်အသုံးပြုရန် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားလာစေရန်အတွက် အပြစ်ပေးအရေးယူခံရသော ပညာရေးဝန်ထမ်းစေလွှတ်ခြင်းထက် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများစေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံရဲ့ မြောက်ဘက်အကျဆုံးတွင်တည်ရှိပြီး ဝေးလံခက်ခဲသည့်မြို့နယ်ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် အခြားကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှု အနောက်ကျဆုံး မြို့နယ်လည်းဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် အ.ထ.က ကျောင်းနှစ်ကျောင်း၊ အ.ထ.က(ခွဲ)တစ်ကျောင်း၊ အ.လ.က သုံးကျောင်း၊ အ.လ.က(ခွဲ) ငါးကျောင်း၊ အ.မ.က ကျောင်း ၅၅ ကျောင်း၊ အ.မ.က(ခွဲ) လေးကျောင်းရှိပြီး ကျောင်းသားကျောင်းသူစုစုပေါင်း ၃၆၄၆ ဦးရှိကာ ရုံးဝန်ထမ်းနှင့် သင်ကြားရေးဝန်ထမ်း စုစုပေါင်း ၃၈၈ ဦးဖြင့် တာဝန်ယူသင်ကြားလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် အစဉ်ပြုပြင်ပြောင်းလဲလျက်ရှိသည့် ၂၀၁၅ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ KG+12 ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ခေါင်လန်ဖူးမြို့နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကမဏ္ဍိုင်လေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် ပညာရေးကဏ္ဍသည်အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော်လည်း ယနေ့အထိ သိသိသာသာတိုးတက်ပြောင်းလဲလာခြင်း မရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း ခေါင်လန်ဖူးမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုကိုကြည့်ပါက တစ်ဦးသာရှိသည်ကို ကြည့်ခြင်းအားဖြင့် ပညာရေးကဏ္ဍတွင် မည်မျှကျဆင်းနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဤသို့ဖြစ်ရခြင်းမှာ အတွေ့အကြုံရှိပြီး စေတနာထားကာ အသင်ပြကောင်းသည့် ပညာရေးဝန်ထမ်းများ စေလွှတ်ပေးမှုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီအတိုင်းသာ ဆက်တိုင်းသွားမည်ဆိုပါက ခေါင်လန်ဖူးမြို့နယ်ရဲ့ ပညာရေးအခြေအနေမှာ စိုးရိမ်စရာအနေအထားရောက်ရှိသွားမှာပဲဖြစ်ပါတယ်။ အတွေ့အကြုံရှိပြီး အသင်အပြကောင်းသည့် ပညာရေးဝန်ထမ်းများစေလွှတ်ပေးမည်ဆိုပါကသူတို့နှင့်ထိုက်တန်သင့်လျော်သည့် အခွင့်အရေးများပေးခြင်းဖြင့် စည်းရုံးရမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အပြစ်ပေးအရေးယူခဲ့သည့် ဒုတိယ

မြို့နယ်ပညာရေးမှူးတစ်ဦးအား ခေါင်လန်ဖူးမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်ကြောင်း ဆွေးနွေးသွားသည့်အပေါ် ရာသီဥတုအခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ စာနပ်ရိက္ခာ အခက်အခဲများကြားတွင် တာဝန်ကျေပွန်စွာထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းများက မေးခွန်းထုတ်လာတာခံခဲ့ရပါတယ်။ ထိုသို့ ဝေးလံခက်ခဲသည့်ဒေသများတွင်ရှိသည့် ကျောင်းသူကျောင်းသားများအတွက် ပညာရေးကဏ္ဍတွင်ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် ဒေသနှင့်သင့်လျော်ပြီး ကြိုးစားအားထုတ်မှုရှိသည့် ပညာရေးဝန်ထမ်းများ ခန့်ထားစေလွှတ်ပေးရန် ဌာနမှအထူးအစီအစဉ်တစ်ရပ်ချမှတ်ပေးပြီး အလေးထားဆောင်ရွက်ပေးသင့်ကြောင်းလည်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားလာစေရန်အတွက် အပြစ်ပေးအရေးယူခံထားရသော ပညာရေးဝန်ထမ်းစေလွှတ်ခြင်းထက် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်တဲ့ ပညာရေးဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးဝင်းမော်ထွန်းကပဲ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအာမိုးဆီ၏ မေးခွန်းဖြစ်သော ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားလာစေရန်အတွက် အပြစ်ပေးအရေးယူခံရသော ပညာရေးဝန်ထမ်း စေလွှတ်ခြင်းထက် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ပညာရေးဝန်ကြီးအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ အရေးယူမှုဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ ဆောင်ရွက်အရေးယူရပါတယ်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်သို့ ဝန်ထမ်းများပြောင်းရွှေ့ခဲ့သည့်မှာ ထိုသို့ ပြောင်းရွှေ့ခြင်းမှာဌာနတွင် ညံ့ဖျင်းသောကြောင့် ပြောင်းရွှေ့ရခြင်းမဟုတ်ဘဲ အရည်အချင်းရှိပြီး လုပ်ငန်းအပေါ်အလေးထားခြင်းမရှိ၍ နောက်နောင်ဤကဲ့သို့ ပေါ့လျော့မှုမရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ရာထူးတူဖြင့် ပြောင်းရွှေ့တာဝန်ပေးခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်ကိုးမျိုးတွင် အကျုံးဝင်မှုမရှိဘဲ ပြောင်းရွှေ့ခြင်းသည် စီမံခန့်ခွဲမှုလိုအပ်ချက်အရသာ ပြောင်းရွှေ့ခန့်ထားခြင်းဖြစ်ပါတယ်။ ဝန်ထမ်းများဌာနနေရာများသို့ ပြောင်းရွှေ့ရာမှာ ခေါင်လန်ဖူးဒေသတစ်ခုတည်းသာမဟုတ်ဘဲ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုလုံးနှင့် ရာထူးနေရာလစ်လပ်မှုများပေါ် မူတည်၍ လုပ်သက်တန်းစီဇယားအရသာ ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ထမ်းများ စေလွှတ်ရာတွင် ကြိုးစား အားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများကို စေလွှတ်ပေးရန် စီစဉ် ဆောင်ရွက်နေပါကြောင်းနှင့် ဒေသသို့ ပြစ်ဒဏ်ကျဝန်ထမ်းများကိုသာ စေလွှတ်ခြင်းမျိုး မဆောင်ရွက် ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဝန်ကြီးဌာနတူ၊ လုပ်သက်တူ အငြိမ်းစားအစိုးရဝန်ထမ်း ပင်စင်လစာအား တန်းတူအကျိုးခံစားခွင့် ပြုပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်က ဦးဌေးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့မှာ မေးမြန်းသွားမယ့်မေးခွန်းကတော့ ဌာနတူ၊ လုပ်သက်တူ၊ ရာထူးတူ အငြိမ်းစားဝန်ထမ်းများအား တန်းတူတိုးမြှင့်ခံစားခွင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ တစ်နည်းအားဖြင့် အငြိမ်းစားလစာခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့် အတိုင်း တိုးမြှင့်ပေးပါရန်အစီအစဉ်ရှိ/မရှိမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဒီမေးခွန်းက စက်တင်ဘာလ ၁၄ ရက်နေ့ကမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား မေးခွန်းမေးမြန်းခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၈)ကိုလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့လို့ ဒီအဖြေကိုရရှိခဲ့လို့ အခုဆိုရင် နိုင်ငံတော်အတွင်း အငြိမ်းစားယူသွားခဲ့သော နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ထမ်းဆောင်ခဲ့သော ဝန်ထမ်းများကျေနပ်အားရမိလိမ့်မယ်လို့ တွေးရင်းဝမ်းသာပျော်ရွှင်မိပါတယ်။ ဒါ့အပြင် လက်ရှိမှာတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်း လစာကို တိုးမြှင့်ပေးခဲ့လို့ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို အားသွန်ခွန်စိုက်ထမ်းဆောင်မယ်ဆိုတဲ့စိတ် ပေါ်လာမိမှာအမှန်ပင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းအား ပြည်သူ့လွှတ်တော်မှမှတ်တမ်းတင်ထားနိုင်ရေး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါကတော့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်ဖြင့် မေးခွန်းမေးမြန်းခဲ့တာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေပါ ခံစားခွင့်ဖြစ်ပါတယ်။ ပင်စင်အကျိုးခံစားခွင့်ရရှိရန်အတွက် လိုအပ်တဲ့အခြေခံအချက်များဖြစ်ပါတယ်။ ပင်စင်အမျိုးအစားများနှင့် ပင်စင်အကျိုးခံစားခွင့်များဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃(က)အရ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းထားသော

သီးခြား သတ်မှတ်သည့်ကိစ္စမှတစ်ပါး အသက် ၆၀ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။ နည်းဥပဒေ ၂၃၃(ခ)အရ အမှတ်စဉ်(၂)မှာ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင်၊ လျှော့ပေါ့ပင်စင်တို့ဖြစ်ပါတယ်။ Power Point ပြန်တင်ပေးပါ။ ပင်စင်လစာအဆင့်ဆင့်တိုးမြှင့်လာခြင်းဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်မှာတစ်ကြိမ်၊ ၁၉၉၄ ခုနှစ်မှာတစ်ကြိမ် တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတစ်ကြိမ်၊ ၂၀၁၁ ခုနှစ်မှာတစ်ကြိမ် တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ အခုဆိုလို့ရှိရင် စလုံးဆိုပြီးတော့ ၁၉-၁၂-၂၀၁၈ ရက်နေ့မှစ၍ အငြိမ်းစားလစာခံစားလျက်ရှိသည့် ပင်စင်များ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း တိုးမြှင့်ခွင့်ပြုသည်ဆိုတဲ့ အပိုင်းတစ်ခုထပ်တိုးသွားမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်နှင့် လုပ်သက်ဆုငွေများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၆ အရ တွက်ချက်ထားတာပါ။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနတူ၊ လုပ်သက်တူ၊ ရာထူးတူ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တန်းတူတိုးမြှင့်ခံစားခွင့်ပေးပါရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း၏ ဝန်ကြီးဌာနတူ၊ လုပ်သက်တူ အငြိမ်းစားအစိုးရဝန်ထမ်း ပင်စင်လစာအား တန်းတူအကျိုးခံစားခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပေးမှာဖြစ်ပါတယ်။ ၃၁-၈-၂၀၁၈ ရက်နေ့မှာရှိတဲ့ ပင်စင်ခံစားလျက်ရှိတဲ့ အငြိမ်းစားဦးရေမှာ ၈၁၂၉၆၆ ဦးဖြစ်ပြီးတော့ နှစ်စဉ်ပင်စင်စား အင်အားတိုးတက်လာမှုနှင့်အတူ ပင်စင်နှင့်ဆုငွေ အသုံးစရိတ်မှာလည်း လိုက်ပါတိုးမြှင့်လျက်ရှိပါတယ်။ ပင်စင်ဦးစီးဌာန၏ မှတ်တမ်းများအရ နှစ်စဉ်တိုးမြှင့်လာတဲ့ ပင်စင်စားဦးရေမှာ ပျမ်းမျှ ၄၀၀၀၀ ကျော်ခန့်ရှိပြီး လျော့နည်းသွားတဲ့ဦးရေမှာ ပျမ်းမျှ ၅၀၀၀ ခန့်သာရှိတဲ့အတွက် နှစ်စဉ်ပင်စင်စားဦးရေအသားတင် ၃၅၀၀၀ ခန့် တိုးမြှင့်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပင်စင်လစာနှင့်ဆုငွေအတွက် အသုံးစရိတ်မှာ ကျပ်ဘီလီယံ ၇၀၉.၀၆၇ ဖြစ်ပါတယ်ခင်ဗျား။

နိုင်ငံတော်အနေနဲ့ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၏ စာဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက်မြှင့်တင်ပေးရန်ရည်ရွယ်၍ လစာနှုန်းထားများအား အခါအားလျော်စွာ တိုးမြှင့်သတ်မှတ်ပေးနိုင်ရေးအတွက် မျက်ခြည်မပြတ် သုံးသပ်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ အငြိမ်းစားဝန်ထမ်းများအတွက်လည်း အခါအားလျော်စွာ ထည့်သွင်းစဉ်းစားသုံးသပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂ (ဇ)နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်နဲ့ပတ်သက်လို့ရှိရင် ၎င်းတို့ပင်စင်ယူတဲ့အချိန်မှာရှိတဲ့ တည်ဆဲနည်းဥပဒေများ၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ နောက်ဆုံးထုတ်လစာကို အခြေခံတွက်ချက်၍

ခံစားခွင့်ပြုခဲ့ခြင်းဖြစ်တဲ့အတွက် အငြိမ်းစားယူတဲ့ အချိန်ကာလကွာခြားမှုအရ လစာနှုန်းသစ်ခံစားပြီး အငြိမ်းစားယူသူ၏ ပင်စင်လစာနှင့် လစာနှုန်းဟောင်းခံစားပြီး အငြိမ်းစားယူသူ၏ ပင်စင်လစာမှာ ကွာခြားမှုရှိမှာဖြစ်ပါတယ်။

သို့ရာတွင် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာမှုရှိစေရန် ရည်ရွယ်လျက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်ခင် အငြိမ်းစားလစာခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၉-၁၂-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၁/၂၀၁၈)နှင့် (၁၀၂/၂၀၁၈)တို့ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလို ပြည့်စုံစွာလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒီပုံကတော့ မြို့နယ်လုံးကျွတ်မြတ်ဆရာပူဇော်ပွဲ(ကြို့ပင်ကောက်မြို့နယ်) ဖြစ်ပါတယ်။ ဒါ ပဲခူးရိုးမတောင်ခြေကျေးရွာကျောင်းလေးမှာ တာဝန်ထမ်းဆောင်ခဲ့သော ဆရာဆရာမများသာမက မြစ်မခမြစ်ကမ်းနားကျေးရွာ စာသင်ကျောင်းလေးမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာဆရာမအားလုံး၊ တစ်မြို့နယ်လုံးရဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဆရာဆရာမကြီးတွေကို ပူဇော်ကန်တော့ပွဲဖြစ်ပါတယ်။ ယခုနှစ်ဆိုရင် ဆရာကြီးဆရာမကြီးပေါင်း ၄၅၇ ဦးကန်တော့ခံမှာဖြစ်ပါတယ်။ ဒီပူဇော်ပွဲကို နှစ်စဉ်ဒီဇင်ဘာလ စတုတ္ထပတ် တနင်္ဂနွေနေ့မှာကျင်းပခဲ့တာဖြစ်ပါတယ်။ ပူဇော်ပွဲမှာ ကျွန်တော့်အား မေးမယ့်မေးခွန်းလေးဖြစ်ပါတယ်။ ဒါပေမဲ့လည်း အမိန့်ကြော်ငြာစာမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည်ဟုပါရှိပြီးဖြစ်လို့ ယခုမေးလိုတဲ့မေးခွန်းကတော့ အငြိမ်းစားတိုးမြှင့်ပေးလိုက်တဲ့အတွက် ရန်ပုံငွေခန့်မှန်းမည်မျှသုံးစွဲရမည်ကို သိရှိလိုပါကြောင်း မေးခွန်းထပ်ဆင့်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ တိုးမြှင့်ပေးလိုက်တဲ့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပင်စင်လစာများကတော့ နိုင်ငံတကာထုံးစံနဲ့ညီလို့ရှိရင်တော့ ဝန်ထမ်းများရဲ့ Contribution ပေါ်မူတည်ပြီးတော့ ဒီပင်စင်လစာများကို သတ်မှတ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ဒီပင်စင်လစာနဲ့ပတ်သက်လို့ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ Provident Fund ဆိုတဲ့ ဒီဝန်ထမ်းတွေရဲ့ Contribution ပေါ်မူတည်ပြီးတော့ သတ်မှတ်တာမဟုတ်တဲ့အတွက် နိုင်ငံတော်ကနေပြီးတော့

ဒီပင်စင်လစာတွေအကုန်လုံးကို ထမ်းပြီးတော့ နိုင်ငံတော်ကနေ ပင်စင်လစာကိုပေးရတဲ့ထုံးစံ ရှိပါတယ်။ အခု လောလောဆယ်မှာတော့ နိုင်ငံတော်ကနေပြီးတော့ ဒီဝန်ထမ်းတွေအားလုံးအတွက် လစာကိုတိုးမြှင့်လိုက်တဲ့အချိန်မှာ ပင်စင်လစာကိုလည်း ဝန်ထမ်းတွေနည်းတူတိုးမြှင့်ဖို့အတွက် တောင်းဆိုတာဖြစ်တဲ့အတွက် ပင်စင်စားများရဲ့အကျိုးကျေးဇူးကိုရှေးရှုပြီးတော့ ပင်စင်စားများအတွက် ကိုလည်း ပင်စင်လစာများကို တိုးမြှင့်ပေးတာပဲဖြစ်ပါတယ်။ အခုလိုပင်စင်တွေတိုးမြှင့်ပေးလိုက်တဲ့ အတွက် ဘတ်ဂျက်ဘယ်လောက်ထိ ပိုပြီးတော့တိုးကျသွားမယ်ဆိုတာကတော့ ကျွန်တော်တို့တွက်ချက် လျက်ပဲရှိပါတယ်။ ဒီဘတ်ဂျက်တိုးမြှင့်သွားတဲ့ဥစ္စာကို ရရှိသွားတဲ့အချိန်မှာ တိုးမြှင့်သွားတဲ့ဘတ်ဂျက် ကိုလည်း ကျွန်တော်တို့က ဒီဘတ်ဂျက်ဥပဒေနဲ့အညီပဲ ဘတ်ဂျက်ထဲမှာ ထည့်သွင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေတစ်ဆင့် ဘတ်ဂျက်ကိုတိုးပြီးတော့ တောင်းခံသွားမှာဖြစ်ပါတယ်။ တွက်ချက်ပြီးသွားတဲ့အချိန်မှာတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ဆက်လက်ပြီးတောင်းသွားတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ခွင့်ပြုချက်ကို ဆက်လက်တောင်းခံ သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၂၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့် အချက်များအပေါ်အခြေခံ၍ သတ်မှတ်လျာထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက်

ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့်အချက်များအပေါ်အခြေခံ၍ သတ်မှတ်လျာထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက် ဥပဒေဇယား ၁ အရ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ကို ကျပ်သန်းပေါင်း ၇၅၇၅၉၃၄.၂၁၄ သတ်မှတ်လျာထားကြောင်းတွေ့ရှိရပြီး ကုန်သွယ်လုပ်ငန်းခွန်ကို ကျပ်သန်းပေါင်း ၂၁၂၂၈၃၈.၅၄၇ သတ်မှတ်လျာထားရာ အခွန်အကောက်စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းကျော် သတ်မှတ် လျာထားကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စု၏ လျာထားချက်များကို အကောင်အထည်ဖော် အခွန်ကောက်ခံရာတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှတစ်ဆင့် မြို့နယ်အခွန်များဦးစီးဌာနသို့ နှစ်စဉ်အခွန်ကောက်ခံရန် လျာထားသတ်မှတ်ပေးပြီး အခွန်ကောက်ခံ မှုများလုပ်ဆောင်နေသည်ကို တွေ့ရှိရပါတယ်။ မြို့နယ်များလျာထားချက်နှင့်အညီ အခွန်ကောက်ခံရာ တွင်လည်း နှစ်စဉ်အခွန်ပေးဆောင်နေကျ လူဟောင်းများကိုသာအခွန်ကောက်ခံနိုင်ရန် ကြိုးစား လုပ်ဆောင်နေပြီး အခွန်ရှောင်နေသော ဝန်ထမ်းများ၊ အခွန်ဆောင်ရန်လိုအပ်နေသော အခွန်ထမ်း အသစ် များရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသည်ကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ဟာ ပြည်သူကိုအခြေခံသောစနစ် ဖြစ်ပါတယ်။ မြို့နယ်ရှိအခွန်ဝန်ထမ်းများဟာ အခွန်ထမ်းပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဖော်ဆောင် မှုပေးနေသောနေရာများဖြစ်ရာ မြို့နယ်များရဲ့ ပကတိမြေပြင်အချက်အလက်များအပေါ်အခြေခံပြီး လျာထားသတ်မှတ်နိုင်မည်ဆိုလျှင် အနီးစပ်ဆုံးလျာထားသတ်မှတ်နိုင်မည်ဟု ယုံကြည်မိပါတယ်။ အနီးစပ်ဆုံး လျာထားသတ်မှတ်ကောက်ခံနိုင်မှသာ နိုင်ငံတော်၏ နှစ်စဉ်ဘတ်ဂျက်လိုငွေပြမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ပါတယ်။ အထူးသဖြင့် ဒီနေ့ကျွန်တော်တို့နိုင်ငံတွင် တရား မဝင်ကုန်သွယ်မှုသည် တရားဝင်ကုန်သွယ်မှုထက် ထက်ဝက်ကျော်ပိုမိုနေသည်ဟု ကုန်သည်များထံမှ ကြားသိနေရပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဟာ အထူးကုန်စည် (ခေါ်)ဝင်ငွေခွန်တို့နှင့်လည်း ဆက်စပ် လျက်ရှိရာ တရားမဝင်ဝင်ငွေကုန်သွယ်မှုများကြောင့် အထူးကုန်စည်ခွန်လည်းမရ။ ကုန်သွယ်လုပ်ငန်း ခွန်လည်းဆုံးရှုံး။ နောက်ဆုံးဝင်ငွေခွန်ပါဆုံးရှုံးပြီး နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် များစွာထိခိုက် နစ်နာပါတယ်။ သို့ဖြစ်ပါ၍ ကုန်သွယ်လုပ်ငန်းခွန်ဆောင်မည့်သူများ အခွန်လျာထားချက်တွင် အကျုံး ဝင်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အခွန်ဆောင်နိုင်ရန်အတွက် အခွန်ထမ်းပြည်သူများကိုယ်စား ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး၏ ၂၀၁၈-၂၀၁၉

ခုနှစ် ကုန်သွယ်မှုလုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့်အချက်များအပေါ် အခြေခံ၍ သတ်မှတ်လျာထားသည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေ ဇယား(၁)အရ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်မှာ အခွန်အမျိုးအစား ၂၂ မျိုးအတွက် စုစုပေါင်း ကျပ် ၇၅၇၅၉၃၄.၂၁၄ Trillion ဖြစ်ပါတယ်။ ပြည်တွင်းအခွန်းများဦးစီးဌာနမှ ကောက်ခံရန်လျာထားချက်မှာ အခွန် ၅ မျိုးအတွက် ကျပ် ၆၀၅၆၅၃၂.၅၁၄ ဖြစ်ပြီး စုစုပေါင်း လျာထားချက်ရဲ့ ၈၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ကို ကျပ် ၂၁၂၂၈၃၈.၅၄၇ Trillion လျာထားပြီး စုစုပေါင်း အခွန်အကောက်လျာထားချက်ရဲ့ ၂၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ ပြည်တွင်းအခွန်းများဦးစီးဌာနမှ ကောက်ခံရန်လျာထားတဲ့ အခွန် ၅ မျိုးမှာ ဝင်ငွေခွန် ၃၈ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၃၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန် ၂၃ ရာခိုင်နှုန်း၊ အောင်ဘာလေသိန်းဆုခွန် သုံးရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန်း တစ်ရာခိုင်နှုန်းပါဝင်ပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခွန်လျာထားချက်များကို သတ်မှတ်တဲ့အခါမှာ ယခင်နှစ်က ကောက်ခံခဲ့တဲ့ အခွန်ကောက်ခံရရှိမှုများကို အခြေခံပြီးတော့ Revenue Forecasting Model ကို အသုံးပြုပြီး ခန့်မှန်းတွက်ချက်လျာထားခြင်းဖြစ်ပါတယ်။ ထိုသို့တွက်ချက်ရာမှာ အခွန်တစ်ရပ်ချင်းစီ အလိုက် ယခင်နှစ်များ၏ ကောက်ခံရရှိမှုအပေါ်အခြေခံ၍ (၁) Forecast Function Method၊ (၂) Average Method နှင့် (၃) Adjustment Method စတဲ့နည်းလမ်းသုံးခုကို အသုံးပြုပြီး ခန့်မှန်းတွက်ချက်ပါတယ်။ ရရှိလာတဲ့ လျာထားချက်ပမာဏကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ အဆိုပြုလျာထားချက်အနေဖြင့် ပေးပို့ပါတယ်။ ထို့နောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှလည်း ၎င်းတို့၏ Revenue Forecasting Model ကိုအသုံးပြု၍ နိုင်ငံတော်၏ စီမံကိန်းလျာထားချက်များ နှင့်ကိုက်ညှိပြီး ထပ်မံတွက်ချက်မှုများပြုလုပ်ကာ အခွန်ကောက်ခံရန် လျာထားချက်များကို အပြီးသတ် ညှိနှိုင်းသတ်မှတ်ပါတယ်။

ယင်းသို့ရရှိသည့် အခွန်လျာထားသတ်မှတ်ချက်များအပေါ်မူတည်၍ ပြည်တွင်းအခွန်များ ဦးစီးဌာန(ရုံးချုပ်)ကနေပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများအလိုက် ကောက်ခံရမည့် အခွန်လျာထားချက်များကို ပြန်လည်ခွဲဝေသတ်မှတ်ပေးပါတယ်။ ထိုသို့ခွဲဝေသတ်မှတ်ရာတွင် လည်း လွန်ခဲ့သောသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ်ချင်းစီအလိုက် အခွန်ကောက်ခံရရှိမှုကို အခြေပြု၍ အထက်ပါနည်းလမ်းများ တည်ဆဲအခွန်ဥပဒေဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများ၊ အခွန်ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်များ၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသဖွံ့ဖြိုး ဆောင်ရွက်မှုအခြေအနေများကို စိစစ်သုံးသပ်၍လည်းကောင်း အနီးစပ်ဆုံးဖြစ်အောင် လျာထား ပေးခြင်းဖြစ်ပါတယ်။

အလားတူပဲ တိုင်းဒေသကြီး/ပြည်နယ်များက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လျာထားချက်ခွဲဝေချထားပေးရာတွင်လည်း ယင်းမြို့နယ်၏ ယခင်နှစ်များကအခွန်ကောက်ခံမှုရရှိရေး အခြေအနေ၊ စီးပွားရေးဖြစ်ထွန်းမှုအခြေအနေ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခြေခံ အဆောက်အဦများ တည်ဆောက်မှုအခြေအနေစသည်ဖြင့် တစ်မြို့နယ်ချင်းစီအလိုက်စိစစ်၍

**မူကြမ်း**

အခွန်လျာထားချက်များကို သတ်မှတ်ပေးရခြင်းဖြစ်ပါတယ်။ ထိုသို့ သတ်မှတ်ပေးရာတွင်လည်း ယင်းမြို့နယ်ရှိ စီးပွားရေးလုပ်ငန်းများ တည်ရှိမှုအခြေအနေကို ထည့်သွင်းစဉ်းစားရပါတယ်။ ဥပမာအားဖြင့် အထူးကုန်စည်ထုတ်လုပ်မှုမျိုးဟာ မြို့နယ်တိုင်းမှာမရှိတဲ့အတွက် အထူးကုန်စည်ခွန် လျာထားချက်မှာ မြို့နယ်တိုင်းတွင်ရှိမည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ကောက်ခံရန်အခွန်လျာထားချက်များ ခွဲဝေချထားပေးရာတွင် အထက်ပါအတိုင်း မြို့နယ်များ၏ အခြေခံအချက်အလက်များအပေါ် မူတည်၍ အနီးစပ်ဆုံးဖြစ်စေရန် ခွဲဝေလျာထားသတ်မှတ်ပေးလျက် ရှိပါကြောင်း၊ အနာဂတ်တွင် ယခုထက်ပိုမို ပြည့်စုံအဆင့်မြင့်သည့် Revenue Forecasting Model ကိုအသုံးပြုပြီး ခန့်မှန်းတွက်ချက်လျာထားပေးနိုင်ရေး စီမံဆောင်ရွက်ချက်ရှိပါကြောင်းနှင့် မြို့နယ် အလိုက် အကြံပြုလိုသည်များရှိပါကလည်း ၎င်းအကြံပြုချက်များကိုကြိုဆိုပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်းလုပ်ကွက် ရေနံမြေများနှင့် ကမ်းလွန်လုပ်ကွက် များကို ရေနံကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုပြီး ဆောင်ရွက်ရာတွင် ၎င်းလုပ်ကွက်များ၏ ဆိုက်စမစ်တိုင်းတာခြင်း အခြေအနေများကို သိလိုခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အခြေအနေ များရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရေနံလုပ်ကွက်တွေဖြစ်ပါတယ်။ နောက်ပြန်သွားပေးပါ။ ဒီအဝါရောင်ခြယ်သထားတာကတော့ ကုန်းတွင်း On Show လုပ်ကွက်တွေဖြစ်ပါတယ်။ ဒီအပြာရောင်မှာတော့ ဒီကမ်းလွန် Of Show လုပ်ကွက်တွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံရဲ့ ရေနံထုတ်လုပ် နိုင်တဲ့ တင်ဒါခေါ်တဲ့ နိုင်ငံတကာကုမ္ပဏီတွေ၊ ပြည်တွင်းကုမ္ပဏီတွေ အားလုံးလုပ်နိုင်တဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသရှိနေရာတွေမှာ ကျွန်တော်တို့ MOGE နှင့် ဒီစွမ်းအင်ဝန်ကြီးဌာနဟာ ဒါလုပ်ကွက်တွေသတ်မှတ်ထားတဲ့ ဥစ္စာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံကို ဒီ Oil and Gas ကို On Show ပေါ့ ကျွန်တော်တို့ ကုန်းတွင်းလုပ်ကွက်တွေမှာလည်း ရုရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ တရုတ် နိုင်ငံ၊ နိုင်ငံတကာ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံစတဲ့ နိုင်ငံတွေက ကုမ္ပဏီတွေဝင်လုပ်သလို ဒီကမ်းလွန်လုပ်ကွက် ပင်လယ်ထဲမှာလည်း Of Show လုပ်ကွက်တွေကို ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ နိုင်ငံတကာနှင့် MOGE နဲ့ ပေါင်းစပ်လုပ်ကိုင်နေတာကို တွေ့ရှိရပါတယ်။

ဒါကတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တိုင်းပြည်ကို ဝင်ငွေများစွာယူဆောင်ပေးနိုင်တဲ့ A1A3 ဆိုတာ ရွှေလုပ်ကွက်ဖြစ်ပါတယ်။ အခု ကိုရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီနဲ့ MOGE တို့နဲ့ ထုတ်လုပ်နေတဲ့လုပ်ကွက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာကျတော့ ရဲတံခွန်၊ ဇောတိကဆိုတဲ့ ထုတ်လုပ်ပြီးသား ရတနာဆိုတဲ့ M5 နဲ့ M6 ဆိုရင် ရတနာလုပ်ကွက်ထဲမှာ ပါပါတယ်။ ပတ္တမြားဆိုပြီးလုပ်ဖို့လည်း ရည်ရွယ်နေတယ်ဆိုတာ ကြားသိရပါတယ်။ နောက်ပြီး ရဲတံခွန်ဆိုရင် M 12,13,14 ထဲမှာရှိပြီးတော့ ဒီသဘာဝဓာတ်ငွေ့တွေကို ထုတ်လုပ်ပြီးတော့ ပြည်ပနိုင်ငံတွေလည်း ရောင်းချသင့်ရောင်းချပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်လည်း တင်သွင်းပြီးတော့ လျှပ်စစ်ထုတ်လုပ်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေနံမြေ အဆက်ဆက်က အားလုံးကြားဖူးထားတဲ့အတိုင်း ၁၈၀၀ ထဲက တောက်လျှောက် မင်းဘူးတို့၊ ပြည် ရေနံမြေတို့ ကုန်းတွင်းလုပ်ကွက်တွေရဲ့ ဒါလုပ်ခဲ့တဲ့ သမိုင်းကြောင်းတွေဖြစ်ပါတယ်။ တချို့ဥစ္စာတွေလည်း ထုတ်လို့မရတော့ဘဲ ပိတ်သိမ်းကုန်ပါပြီ။ တချို့ဥစ္စာတွေလည်း ကျွန်တော်တို့ လက်ရှိအနည်းငယ် ထွက်ရှိနေပါတယ်။

ဒါကတော့ ကျွန်တော်တို့ ကုန်းတွင်းလုပ်ကွက် On Show ပေါ့နော်။ On Show ကို တင်ဒါခေါ်ထားပြီးတော့ လုပ်ကိုင်နေတဲ့ကုမ္ပဏီတွေဖြစ်ပါတယ်။ ဒီ PSB, PSC, B2 မှာဆိုရင် ONGC အိန္ဒိယကုမ္ပဏီနဲ့ လုပ်ကိုင်နေပြီး စိုက်စနစ်တွေလုပ်နေတယ်။ ကျွန်တော်တို့ ဒီမှာ အများကြီး ပြည်နယ်နှင့်တိုင်းဒေသကြီးမျိုးစုံမှာ စစ်ကိုင်းတိုင်းဒေသကြီးတို့၊ ပဲခူးတိုင်းဒေသကြီးတို့ နေရာမျိုးစုံမှာ လက်တွေ့စမ်းသပ်ပြီးတော့ တင်ဒါယူပြီးတော့ စိုက်စနစ်တွေ တိုင်းတာနေပြီး ဘယ်လိုထုတ်လုပ်လို့ရမလဲဆိုတာ စမ်းသပ်နေတဲ့ကုမ္ပဏီတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ Of Show ဒီရေတိမ်နှင့် ရေနက်တွေမှာ ကျွန်တော်တို့ လုပ်ထားတဲ့ ဒီ Share တို့ ကျွန်တော်တို့ ကုမ္ပဏီကြီးများစွာနှင့် Total တို့နဲ့ စမ်းသပ်ရှာဖွေနေတာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်ဟာ ဒီ ရေနံသဘာဝဓာတ်ငွေ့နှင့် ရေနံဂက်စ်တွေဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အလွန်လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ဝင်ငွေဟာလည်း ဒီဟာတွေ တစ်ဖက်တစ်လမ်းကလည်း ကျွန်တော်တို့ရခဲ့တယ်။ အများဆုံးရခဲ့တယ်။ အခွန်တွေလည်း အများဆုံးရခဲ့တဲ့အတွက် ကျွန်တော်တို့တိုင်းပြည်မှာ ဒီလိုမျိုး ဇောတိကတို့လို၊ ရတနာတို့လို၊ ရွှေတို့လို၊ ဂက်စ်တွင်းတွေ ထွက်ပေါ်ပြီဆိုရင် တိုင်းသူပြည်သူပြည်သားတွေအတွက် များစွာ အကျိုးရှိပါမယ်။ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ စွမ်းအင်လျှပ်စစ်၊ စွမ်းအင်ကဏ္ဍ အရမ်းကိုလိုအပ်နေပါတယ်။ နောက်ပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်ရင်လည်း များစွာမှ ပူပန်မှုတွေ ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီစွမ်းအင်နှင့်လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ဒီလို လုပ်ကွက်တွေကို နိုင်ငံခြားကုမ္ပဏီတွေနဲ့ လုပ်နေတယ်။ လုပ်နေတဲ့ဥစ္စာ ဘယ်အခြေအနေတွေရောက်ပီလဲ။ တချို့တွေလည်း ပြန်အပ်သွားတယ်လို့ ကြားရပါတယ်။ နောက်ပြီး ပြည်သူလူထုအတွက် အကျိုးရှိတဲ့ ဓာတ်ငွေ့တွေထွက်ရင် ကျွန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိမှာဖြစ်တဲ့အတွက် ကျွန်တော်အောက်ပါမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီလျှပ်စစ်၊ စွမ်းအင်နှင့်ဝန်ကြီးဌာနအနေနဲ့ လုပ်ကွက်များကို စာချုပ်ချုပ်ဆိုပြီးလုပ်ဆောင်နေတယ်။ လုပ်ကွက်ကို ဆိုက်စမစ်တိုင်းတာခြင်းအနေ

အထားနဲ့ စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်းတိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်ရဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းမှာ ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များကို ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းအား နိုင်ငံတကာအတွေ့အကြုံရှိ ရေနံကုမ္ပဏီများနှင့် ပူးပေါင်းပြီး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကိုယ်တိုင်က ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းဖြင့်လည်းကောင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ဘူမိအနည်ကျချိုင့်ဝှမ်း ၁၇ ခုရှိပြီးတော့ အဆိုပါ ၁၇ ခု အနက်မှနေပြီးတော့ ကုန်းပိုင်းလုပ်ကွက် ၅၃ ကွက်နှင့် ကမ်းလွန်လုပ်ကွက် ၅၁ ကွက် စုစုပေါင်းလုပ်ကွက် ၁၀၄ ကွက်ပိုင်းခြားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်ခင်ဗျား။ ကုန်းပိုင်းလုပ်ကွက်များမှာကတော့ စုစုပေါင်း ၅၃ ကွက်ရှိတဲ့အနက်မှ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ကွက်က ၂၅ ကွက်ရှိပြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေတဲ့လုပ်ကွက်က ၁၀ ကွက်ရှိတာဖြစ်ပါတယ်။ လစ်လပ်နေတဲ့လုပ်ကွက်က ၁၈ ကွက်ရှိတာဖြစ်ပါတယ်ခင်ဗျား။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေတဲ့ လုပ်ကွက် ၁၀ ကွက်မှာဆိုရင်တော့ လက်ရှိအကြိမ်တွေမှာ တွင်းတူးဖော်ခြင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေလျက်ရှိပြီးတော့ ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါ။ နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ကွက် ၂၅ ကွက်မှာတော့ ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ကွက်သုံးကွက်နဲ့ တွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေတဲ့ လုပ်ကွက်လေးကွက် စာချုပ်ရပ်စဲရန် ဆောင်ရွက်နေတဲ့ လုပ်ကွက် ၁၀ ကွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေတဲ့ လုပ်ကွက်က ၈ ကွက်ရှိပါတယ်ခင်ဗျား။ ကမ်းလွန်လုပ်ကွက်များမှာတော့ စုစုပေါင်း ၅၁ ကွက်ရှိပြီး နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ကွက်က ၃၆ ကွက်ရှိကာ လစ်လပ်နေတဲ့ လုပ်ကွက်က ၁၅ ကွက်ရှိတာဖြစ်ပါတယ်။ လက်ရှိလုပ်ကွက် ရှစ်ကွက်ထဲမှာ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိကစီမံကိန်းများအဖြစ် သိရှိထားတဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်တဲ့ လုပ်ကွက်တွေ ပါဝင်နေတာဖြစ်ပါတယ်။ တွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ကွက် ၇

ကွက်နှင့် စာချုပ်ရပ်စဲရန် ဆောင်ရွက်နေတဲ့လုပ်ကွက် ၉ ကွက်ရှိပြီး ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်နေတဲ့လုပ်ကွက်များက အကွက် ၂၀ ရှိတာ ဖြစ်ပါတယ်။

တင်ပြပါ မြေပုံနှင့် လုပ်ကွက်များကတော့ ကုန်းတွင်းလုပ်ကွက်များရဲ့ မြေပုံဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါ Power Point မြေပုံကတော့ ကမ်းလွန်လုပ်ကွက်များရဲ့ မြေပုံများဖြစ်ပါတယ်ခင်ဗျား။ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်တဲ့အခါမှာ ဆောင်ရွက်တဲ့လုပ်ငန်းအဆင့်လေးများကို Flow Chart ဖြင့် ရှင်းလင်းတင်ပြ ထားတာဖြစ်ပါတယ်။ ၎င်းကုမ္ပဏီများအနေနဲ့ လုပ်ကွက်များအတွင်းမှာ ပြင်ဆင်ရေးကာလ၊ လေ့လာရေးကာလများကို တစ်နှစ်မှ သုံးနှစ်ကြာ ဆောင်ရွက်ကြရပါတယ်။ ထို့နောက် ရှာဖွေခြင်းနှင့် တွင်းတူးဖော်ရေးကာလကို ငါးနှစ်မှ ခြောက်နှစ်ကြာထိ ဆက်လက်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်တဲ့အခါမှာ ယခု ကုန်းတွင်းလုပ်ကွက်များအနက်မှ 2D နှင့် 3D ဆိုက်စမစ်လုပ်ငန်းများ ဆောင်ရွက်နေတဲ့လုပ်ကွက်က တင်ပြပါ Slide ရဲ့ ထိပ်ဆုံးမှာပါဝင်တဲ့ လုပ်ကွက် ၈ ကွက်ဆောင်ရွက် နေဆဲဖြစ်ပါတယ်။ တိုင်းတာမှု လုပ်ငန်းများကို ဆောင်ရွက်နေတဲ့အတွက်ကြောင့် အချက်အလက်များ စုဆောင်းနေတဲ့အဆင့်သာ ဖြစ်ပါတယ်။ ထိုကဲ့သို့ 2D နှင့် 3D ဆိုက်စမစ်များ တိုင်းတာလို့ရရှိတဲ့ အချက်အလက်များအပေါ်မှာ ဘာသာပြန်ယူပြီးတော့မှ Interpretations လုပ်ပြီးတော့မှ ဖြစ်နိုင်ချေရှိ တဲ့တွင်းနေရာ Location များကို ရွေးချယ်ကာ ရှာဖွေရေးတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရပါတယ်။ ရှာဖွေရေးတွင်းတူးဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ကုန်းတွင်းပိုင်းလုပ်ကွက် ၄ ကွက်ကို ဒုတိယဇယားမှာ တင်ပြထားတာ ဖြစ်ပါတယ်။ 2D ဆိုက်စမစ်၊ 3D ဆိုက်စမစ် တိုင်းတာခြင်းကြောင့်သော်လည်းကောင်း၊ ရှာဖွေရေး တွင်းများတူးဖော်ရာမှရရှိတဲ့ ရလဒ်များကြောင့်သော်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီးပွားဖြစ်ထုတ်ယူနိုင်ချေမရှိတဲ့ လုပ်ကွက်များဆိုလို့ရှိရင် ကျွန်တော်တို့ စာချုပ်ရပ်စဲပြီးတော့ ကျွန်တော်တို့ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းကို လုပ်ကွက်တွေပြန်လည်အပ်နှံ။

ဒီအတွက်ကြောင့် စာချုပ်ရပ်စဲရန်ဆောင်ရွက်နေတဲ့ ကုန်းတွင်းပိုင်းလုပ်ကွက် ၁၀ ကွက်နှင့် ရပ်စဲပြီးလုပ်ကွက် ၄ ကွက်ကို တင်ပြထားတာဖြစ်ပါတယ်။ ကုန်းတွင်းပိုင်းလုပ်ကွက် ၃ ကွက်အနက်မှာ MOGE ကဆောင်ရွက်နေတဲ့ လုပ်ကွက်တစ်ခုနှင့် ကုမ္ပဏီကဆောင်ရွက်နေတဲ့ လုပ်ကွက်တစ်ခုကို ဇယားမှာ အောက်ဆုံးမှာတင်ပြထားတာဖြစ်ပါတယ်။ နောက်ဇယားကတော့ ကမ်းလွန်လုပ်ကွက်မှာ ချုပ်ဆိုထားတဲ့အခါမှာ ကျွန်တော်တို့ အဆင့်ဆင့်ဆောင်ရွက်ရတဲ့လုပ်ငန်းများနှင့် နှစ်ကာလများကို တင်ပြထားတာဖြစ်ပါတယ်။ နောက် Slide မှာတော့ ကမ်းလွန်လုပ်ကွက် ၁၂ ကွက်မှာ 2D နှင့် 3D ဆိုက်စမစ်များ တိုင်းတာနေတဲ့လုပ်ကွက် ၁၂ ကွက်ကို တင်ပြထားတာဖြစ်ပါတယ်။ ဆိုက်စမစ်များ တိုင်းတာပြီးတဲ့နောက်မှာ ရှာဖွေရေးတွင်း တူးဖော်ဆောင်ရွက်နေတဲ့ ကမ်းလွန်လုပ်ကွက် ၇ ကွက်ကို ဆက်လက်တင်ပြထားပါတယ်။ သဘာဝဓာတ်ငွေ့နှင့်ရေနံ ထွက်ရှိနိုင်မှုအလားအလာ အားနည်းတဲ့ လုပ်ကွက်များကို စာချုပ်ရပ်စဲရန် ဆောင်ရွက်နေတဲ့ ကမ်းလွန်လုပ်ကွက် ၉ ကွက်နှင့် စာချုပ်ရပ်စဲပြီး လက်မှတ်ထိုးထားတဲ့ လုပ်ကွက် ၂ ကွက်ရှိတာကို တင်ပြထားပြီး ဇယားရဲ့အောက်ဆုံးမှာပါတဲ့ လုပ်ကွက် ၈ ကွက်ကတော့ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိကလုပ်ကွက်များဖြစ်ကြောင်း တင်ပြအပ်ပါ

တယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရှာဖွေခြင်းဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ 2D နှင့် 3D ဆိုက်စမစ်တွေ တိုင်းတာရရှိတဲ့အချက်အလက်များအရ စမ်းသပ်တွင်းတူးဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

စမ်းသပ်တွင်းများမှာ သဘာဝဓာတ်ငွေ့ရှိကြောင်း တွေ့ရှိခဲ့လို့ရှိရင် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် ပမာဏရှိ/မရှိဆိုတာကို ဆက်လက်ဆောင်ရွက်ကြရပါတယ်။ တိုင်းတာရရှိတဲ့ Result များအပေါ်မှာ စီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ ပမာဏရှိ/မရှိဆိုတာကို Third Party Certificate အတည်ပြုချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ကြရပါတယ်ခင်ဗျား။ ပြီးတော့မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် လိုအပ်တဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အကဲဖြတ်ကာလ နှင့် ဖွံ့ဖြိုးရေးကာလအဖြစ် ခြောက်နှစ်မှ ရှစ်နှစ်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်း သဘောသဘာဝအရ အဆိုပါဖွံ့ဖြိုးရေးကာလအတွင်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးကွက်ရှာဖွေခြင်း၊ ထုတ်လုပ်ရေးစင်နှင့် ပိုက်လိုင်းများတည်ဆောက်ခြင်း၊ တိုင်းတာပို့လွှတ်ရေးစခန်းများ တည်ဆောက်ခြင်းကို ဆက်လက်ဆောင်ရွက်ပါတယ်။ ထို့နောက်မှာမှ ဓာတ်ငွေ့ပို့လွှတ်ရောင်းချတဲ့နေ့ကနေစပြီး ထုတ်လုပ်ရေးကာလကို စတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်ခင်ဗျား။

ချုပ်ဆိုပြီးထားတဲ့ စာချုပ်များအရဆိုရင်တော့ လက်ရှိအချိန်မှာ ကုန်းပိုင်းနှင့်ကမ်းလွန်လုပ်ကွက် ၂၀ ကွက်မှာ ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းနှင့် ကမ်းလွန် လုပ်ကွက် A-6 ၊ AD-1 နှင့် AD-7 တို့မှာ သဘာဝဓာတ်ငွေ့ရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့တဲ့ အတွက်ကြောင့် စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ပမာဏရှိ/မရှိအခြေအနေကို အသေးစိတ် စူးစမ်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှာ စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ပမာဏများ ရှိတယ်ဆိုလို့ရှိရင် ပြည်သူလူထုထံ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါ ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်သူပိုင်အဖြစ် ၁၉၆၉ ခုနှစ်တွင် သိမ်းဆည်းခံရသော လွိုင်လင်မြို့ ရပ်ကွက်(၄) ပင်လုံလမ်း၊ ကွင်းအမှတ်(၅၄)၊ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ(၀.၂၆၁)ဧကအား မူလပိုင်ရှင်သို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် မြန်မာ့ရေနံရောင်းဝယ်ရေးလုပ်ငန်း ဆီအရောင်းဆိုင် အမှတ်(၀၇၇၀) ဧရိယာ ၀.၂၆၀ ဧကအား မူလပိုင်ရှင်၏သမီးကြီး အထက်တန်းပြကျောင်းဆရာမကြီး

(အငြိမ်းစား) ဒေါ်ခင်မြင့်မှ ပြန်လည်ရရှိပိုင်ဆိုင်လိုကြောင်းနှင့် လွှတ်တော်သို့တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာပါတယ်။ မြန်မာ့ရေနံရောင်းဝယ်ရေးလုပ်ငန်း ဆီအရောင်းဆိုင်အမှတ်(၀၇၇၀)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅၄) ဦးပိုင်အမှတ်(၈၉) ပင်လုံလမ်းတွင် တည်ရှိပါတယ်။ မူလပိုင်ရှင်များမှာ ဦးကာကာ၏သား ဦးထွန်းပေတို့ဖြစ်ပြီး BOC ၏ ကိုယ်စားလှယ်များအဖြစ် စက်သုံးဆီရောင်းချခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်တွင် ရှမ်းပြည်နယ်၊ လွိုင်လင်မြို့၊ ရပ်ကွက်(၄) ကွင်းအမှတ်(၅၄) ဦးပိုင်အမှတ်(၈၉) မြေဧရိယာ ၀.၂၆၁ ဧကအား သက်ဆိုင်ရာဌာနမှ ပြည်သူပိုင်အဖြစ်သိမ်းဆည်းခြင်းခံခဲ့ရပါတယ်။ ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်းခံခဲ့ရသည့် အခြားမြို့များမှ BOC လုပ်ငန်းဆောင်ရွက်ခဲ့သည့်အဆောက်အဦများ၊ မြေနေရာများကို မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ခဲ့သည်ကိုလည်း သိရှိခဲ့ရပြီး သက်ဆိုင်ရာဌာနသို့ ဆက်သွယ်ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲဖြင့် စာအမှတ်၊ ၂၀၆/၄၅/အ ၁၀၅ ဖြင့် မြန်မာ့ရေနံထွက် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်မှ ပြည်ထောင်စုမြန်မာနိုင်ငံ စီပွားရေးဦးပိုင်လီမိတက်မှ အသုံးမပြုသည့်အချိန်တွင် ပြန်လည်လွှောက်ထားပါရန် အကြောင်းကြားစာ လက်ခံရရှိခဲ့ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ စက်သုံးဆီရောင်းချခြင်းကို ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်တို့မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်သော်လည်း ကျေနပ်မှုမရှိပါသဖြင့် ပြည်သူ့လွှတ်တော်သို့တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ မျှမျှတတဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ ရပ်ကွက်(၄)၊ ပင်လုံလမ်း၊ ကွင်းအမှတ်(၅၄) ဦးပိုင်အမှတ်(၈၉) ဧရိယာ ၀.၂၆၁ ဧကအား ပြည်သူပိုင်အဖြစ် ၁၉၆၉ ခုနှစ်တွင် သိမ်းဆည်းခံရပြီး မူလပိုင်ရှင်သို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စွန့်လွှတ်ပေးပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ယခင် မြန်မာ့ရေနံကော်ပိုရေးရှင်း (ယခု မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)ဟာ လွိုင်လင်မြို့၊ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၇၇၀)ကို ၂၂-၁-၁၉၇၀ ရက်နေ့တွင် မူလပိုင်ရှင် ဦးထွန်းဖေထံမှ ကိုယ်စားလှယ်ရပ်ဆိုင်း၍ လွှဲပြောင်းရယူခဲ့စဉ်က ဖွဲ့စည်းခဲ့သော ရာဖြတ်ကော်မတီ၏ ဆုံးဖြတ်ချက်

အရ အဆိုပါဆိုင်မှာ မြန်မာ့ရေနံကော်ပိုရေးရှင်းပိုင်ဖြစ်သော်လည်း ဂိုဒေါင်မှာ ကိုယ်စားလှယ်ပောင်းပိုင်ဖြစ်သဖြင့် အပြီးအပိုင်ဆက်လက်သိမ်းယူရန်ဖြစ်ပါသည်။ အစောင့်အိမ်မှာ ကိုယ်စားလှယ်ပိုင်ဖြစ်သဖြင့် ဆက်လက်သိမ်းယူရန်ဖြစ်ပါသည်။ မြေတန်ဖိုးနှင့်ပတ်သက်၍ ဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၀)၏ သဘောတူခွင့်ပြုချက်ဖြင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်မှာရှိသော မိုးနဲရှိစက်သုံးဆီဆိုင်၊ ကွန်ဟိန်းရှိစက်သုံးဆီဆိုင်၊ လင်းခေးရှိစက်သုံးဆီဆိုင်၊ လဲချားရှိစက်သုံးဆီဆိုင်နှင့် မေးခွန်းပါ လွိုင်လင်ရှိ စက်သုံးဆီဆိုင် ငါးဆိုင်အား ဦးခွန်အောင်ထွန်း (MTA တပ်မဟာ-၈)သို့ အပြီးအပြတ်ရောင်းချလိုက်သည်ဟု ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အဆိုပါအမိန့်ကြော်ငြာစာအရ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ လွိုင်လင်မြို့ စက်သုံးဆီအရောင်းဆိုင် (၀၇၇၀)၏ ဆိုင်အဆောက်အဦ၊ မြေ ၀.၂၆၁ ဧကအပါအဝင်ကို ဦးခင်အောင်ထွန်းထံသို့ အပြီးအပြတ်လွှဲပြောင်းပေးခဲ့ရပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းကော်မရှင်၏ အမိန်ကြော်ငြာစာပါ အပိုဒ် ၄ အရ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ၎င်းစက်သုံးဆီဆိုင်အရောင်းဆိုင် ငါးဆိုင်ကို ဝယ်ယူသူ ဦးခွန်အောင်ထွန်း၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ယင်းစက်သုံးဆီဆိုင်အရောင်းဆိုင် တည်ရှိရာမြို့များတွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်ဟု ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာမှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအခါမှာ ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခဲ့ရပြီးဖြစ်သည်က တစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပုံသေပိုင်စာရင်းမှ အဆိုပါဆိုင်နှင့်မြေအား စာရင်းပိတ်ဖျက်သိမ်းခဲ့ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၁)တွင် တင်ပြမှတ်တမ်းတင် အတည်ပြုထားခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက နိုင်ငံတော်က သိမ်းဆည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားခြင်းနှင့်ပတ်သက်၍ သိမ်းဆည်းမြေ၊ တိုင်ကြားစာများနှင့်ပတ်သက်ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေသိမ်းဆည်းမှုများကိုသာ စိစစ်ဖြေရှင်းဆောင်ရွက်ပေးသွားရန် မူဝါဒချမှတ်ထားပါကြောင်းနှင့် ဌာနအနေဖြင့် ၎င်းမြေအား ပုံသေပိုင်ပစ္စည်းစာရင်းတွင် ဆက်လက်တည်ရှိခြင်းမရှိသည့်အတွက်ကြောင့် မြေစွန့်လွှတ်မှုအား ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**မိုးကောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားအထောက်အကူပစ္စည်းများ ပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်က အထက်တန်းကျောင်းတွေမှာ လိုအပ်လျက်ရှိတဲ့ အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရေးအစီအစဉ်နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာသန်စွမ်းတဲ့နိုင်ငံသူ နိုင်ငံသားများဖြစ်ဖို့ အားကစားကဏ္ဍမြှင့်တင်ရေးဟာ ဝန်ကြီးဌာနရဲ့မျှော်မှန်းချက်ဖြစ်ကြောင်း အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အားကစားနဲ့စပ်လျဉ်းတဲ့မေးခွန်းကို လာရောက်ဖြေကြားတိုင်း ခိုင်ခိုင်မာမာဖြေကြားတာကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ အလွန်အားရကျေနပ်ကြပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အမျိုးသားပညာရေးစီမံကိန်းမှာ အားကစားကဏ္ဍကို အထူးတလည်ထည့်သွင်းရေးဆွဲထားကြောင်းလည်း သိရှိရပါတယ်။ မူတွေချထားတာ အလွန်ကောင်းပါတယ်။ အဓိကလိုအပ်ချက်က အကောင်အထည်ဖော်မယ့်လူလိုအပ်နေတာဖြစ်ပါတယ်။ ကျောင်းတွေမှာ ဆရာမဦးရေက များတဲ့အပြင် ကာယဆရာဆိုတဲ့ရာထူးကလည်း ကျောင်းတွေရဲ့လိုအပ်ချက်အရ စာသင်ကြားရေးအတွက် စာသင်ခန်းထဲက မထွက်နိုင်ကြလို့ ကျောင်းတွင်းအားကစားပြိုင်ပွဲတွေ မလုပ်နိုင်ကြဘူးလို့ ထင်မြင်မိပါတယ်။ ဒီ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ မြို့နယ်အဆင့် အား/ကာမှူးတွေကို ကျောင်းအားကစားပြိုင်ပွဲများအတွက် ပံ့ပိုးကူညီရေး ညွှန်ကြားပေးစေလိုပါတယ်ခင်ဗျား။ နိုင်ငံ့ဂုဏ်ဆောင်အားကစားလက်ရွေးစင် အားကစားသမားတွေ အဓိကမွေးထုတ်ပေးတဲ့မူလအရင်းအမြစ်ဌာနဖြစ်တဲ့ ကျောင်းတွင်းအားကစားပြိုင်ပွဲတွေ၊ လှုပ်ရှားမှုတွေ မလုပ်နိုင်တဲ့အကျိုးဆက်က ဒီနေ့ နိုင်ငံတကာပြိုင်ပွဲတွေ၊ အာဆီယံဒေသတွင်းပြိုင်ပွဲတွေမှာ ဆုတံဆိပ်ရရှိတဲ့အခြေအနေအရ မြန်မာနိုင်ငံရဲ့အားကစားအဆင့်အတန်းကို ပြသနေပါတယ်။ မနေ့ကမှ ကျင်းပပြီးစီးသွားတဲ့ အာဆီယံတက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ အိမ်ရှင်အခွင့်အရေးနဲ့ အင်ပြည့်အားပြည့်ယှဉ်ပြိုင်တာတောင်မှ အဆင့်(၄)နေရာနဲ့ပဲ ကျေနပ်နှစ်သိမ့်ခဲ့ရပါတယ်။ တင်ပြပါအခြေအနေတွေအရ ပါရမီရှင်ကစားသမားတွေကို မွေးထုတ်ပေးနိုင်ဖို့အတွက် နိုင်ငံအဝန်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ အားကစားပြိုင်ပွဲတွေ စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ဖို့ လိုအပ်ကြောင်း သိသာထင်ရှားစေပါတယ်။

ကျွန်တော့်အနေနဲ့ အလေးအနက်ထားတင်ပြလိုတာကတော့ ဝန်ကြီးဌာနများက ချမှတ်ထားတဲ့မူဝါဒတွေ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ထိရောက်စွာတွန်းအားပေး လုပ်ဆောင်စေလိုပါတယ်။ ကျောင်းတွင်းအားကစားပြိုင်ပွဲတွေကို မဖြစ်မနေကျင်းပနိုင်ရေး စီမံချက်များရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းအကောင်အထည်ဖော်ပေးစေလိုပါတယ်ခင်ဗျား။ စီမံချက်များ

ရေးဆွဲနေဆဲကာလမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာ လိုအပ်နေတဲ့ အားကစားပစ္စည်းများ၊ ဆက်စပ်အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးခြင်းအားဖြင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင်လာပြီး နိုင်ငံဂုဏ်ဆောင်အားကစားသမားများ ကျန်းမာသန်စွမ်းတဲ့ အနာဂတ်ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်ဖို့ ကနဦးတွန်းအားတစ်ခု ဖြစ်နိုင်မယ်လို့ ယုံကြည်တဲ့အတွက် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွေမှာ လိုအပ်လျက်ရှိတဲ့ အားကစားအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန်အစီအစဉ် ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၏ မေးမြန်းချက်ဖြစ်တဲ့ မိုးကောင်းမြို့နယ်အတွင်းရှိ အခြေခံအထက်တန်းကျောင်းများမှာ အားကစားအထောက်အကူပစ္စည်းများကိစ္စ၊ ကျန်တဲ့ အားကစားနဲ့ပတ်သက်တဲ့ကိစ္စများနဲ့ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးနဲ့ ပေါင်းစပ်ပြီးဖြေခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းစပ်ပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဘောလုံးနဲ့ ဘောလီဘော ၃၆၈ လုံးပေးပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဘောလုံးနဲ့ ဘော်လီဘော ၁၃၈ လုံးပေးပါတယ်။ စုစုပေါင်း ဘောလုံး ၅၀၆ လုံး။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အထဲမှာလည်း ဂိုးတိုင်နဲ့ Net တွေလည်း ပေးမှာပါ။ ဒီဇင်ဘာလအတွင်းမှာ ပေးဖို့ ရည်ရွယ်ထားပါတယ်။ အကယ်၍မရဘူးဆိုလို့ရှိရင် ကျွန်တော့်ဆီကို တိုက်ရိုက်အကြောင်းကြားပါ။ ဘယ်လိုပေးဖို့ ရည်ရွယ်ထားသလဲဆိုတော့ ကချင်ပြည်နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနကနေပြီးတော့ မြို့ပေါ်မှာရှိတဲ့ အ.ထ.က(၁)၊ အ.ထ.က(၂)ကျောင်းများကိုတော့ ပြည်ပကတင်သွင်းတဲ့ ဘောလုံးသုံးလုံးစီပေးပါမယ်။ Net မရှိရင်လည်း Net ပေးပါမယ်။ ဘတ်စကတ်ဘောကလည်း ပြည်ပကနေ သုံးလုံးစီပေးပါမယ်။ ဘောလီဘောကလည်း ပြည်ပက သုံးလုံးစီပေးပါမယ်။ ပိုက်ကျော်ခြင်းကလည်း ပြည်ပက သုံးလုံးစီပေးပါမယ်။ ထို့အပြင် မြို့ပေါ်မှာရှိတဲ့ အ.ထ.က(နောင်ကိုင်တော်)ကျောင်းသို့လည်း ပြည်ပကနေ တင်သွင်းတဲ့ဘောလုံးသုံးလုံး၊ ပိုက်ကျော်ခြင်း သုံးလုံးပေးပါမယ်။ ထို့ပြင် မြို့နယ်အတွင်းမှာရှိတဲ့ အ.ထ.က ငါးကျောင်းနဲ့ အ.ထ.က(ခွဲ) ခုနစ်ကျောင်းတို့ကလည်း ဒီပြည်ပက တင်သွင်းတဲ့ ဘောလုံးနှစ်လုံးစီ ပေးပါမယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တစ်ခု တင်ပြချင်တာကတော့ ကျောင်းသားတွေ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတာမှန်ပါတယ်။ ကျောင်းသားတွေ အားကစားအတွက်ကို Outdoor Equipment ပေါ့။ ကျွန်တော်တို့ သွင်းပါတယ်ခင်ဗျား။ သွင်းတဲ့အခါမှာ ၂၀၁၆-၂၀၁၇ ခုနှစ် ကျွန်တော်တို့ စပြီးတော့ အစိုးရတက်တဲ့အချိန်မှာ အစုံ

၄၀၀ ဝယ်ပါတယ်။ တစ်စုံကို လေးမျိုးပါပါတယ်။ တစ်ခုကို ၇၂၀၀၀၀ ကျပါတယ်။ အစုံ ၄၀၀ ဝယ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အစုံ ၁၀၀ ဝယ်ပါတယ်။ တစ်ခုကို ၇၂၀၀၀၀ ပါ။ ၂၀၁၈ ခုနှစ်ခြောက်လပိုင်းမှာတော့ ပြောင်းပြီးတော့ နိုင်ငံခြားက ဝယ်ပါဝယ်။ နိုင်ငံခြားက ဝယ်တဲ့အခါမှာ တစ်စုံကို ၁၄၀၀၀၀ ပိုကုန်ပါတယ်။ သို့သော် နိုင်ငံခြားကဝယ်တဲ့ဥစ္စာက သူက Ball Frame တွေက အရမ်းကောင်းတဲ့အပြင် သုံးနှစ်အာမခံနဲ့ သံချေးမတက်ပါဘူး။ ပြည်တွင်းဟာက သံချေးတက်တယ်။ Ball Frame အကောင်းတဲ့အတွက် မကြာခင်အသံတွေမြည်ပြီးတော့ အလုပ်မလုပ်တော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့က ပြည်ပကဟာပဲ မတတ်နိုင်ဘူး။ ကျွန်တော်တို့က ဝယ်ဖို့ရှိပါတယ်။ ဝယ်ဖို့ရှိတဲ့အခြေအနေမှာ ကျွန်တော်တို့ ဒီနှစ်မှာတော့ ကျွန်တော်တို့က ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပိုက်ဆံလည်း လျာထားပြီးပြီ။ ရှိလည်းရှိပါတယ်။ အစုံ ၂၀၀၀ ဝေပါမယ်ခင်ဗျား။ တစ်စုံကို လေးခုပါပါတယ်။ ဒီမှာဝယ်တဲ့အခါမှာလည်း တစ်စုံကိုလေးခုဆိုတာက ကျွန်တော်တို့က ပါတဲ့အစုံထဲမှာ တချို့က မကစားဘူးခင်ဗျား။ မကစားဘူးဆိုတာ ကစားလို့ကောင်းတဲ့ဥစ္စာကိုပဲ ကစားတယ်။ ဒီမှာ ရွေးလို့ရပါတယ်။ အမျိုးမျိုးရှိပါတယ်။ သုတေသနလုပ်ထားပြီးပါပြီ။ ကျိုက္ကဆံကွင်းမှာ လာကစားတဲ့လူတွေကို ကြည့်ပြီး လုပ်ခိုင်းပါတယ်။ ဘယ်အမျိုးအစားကို ပိုကစားလဲ။ အဲဒီဟာမျိုးပဲ ကျွန်တော်က ဝယ်မယ်။ သိပ်မကစားတဲ့ဟာ ကျွန်တော်က မဝယ်ပါဘူး။ ဆိုလိုတာက တစ်စုံမှာ လေးခုပါပါတယ်။ အဲဒီလေးခုမှာ ကျွန်တော်က ရွေးလို့ရပါတယ်။ ပိုက်ဆံတော့နည်းနည်းကွာမယ်။ သို့သော် ကွာသော်ငြားလည်း လူအများကစားတဲ့ အစုံပဲ ကျွန်တော်က ဝယ်မှာရှိပါတယ်။ အစုံ ၂၀၀၀ ဝယ်ပါမယ်။ ဖြစ်နိုင်ရင်တော့ ၂၀၀၀ တင်မကပါဘူး။ ဒီနှစ်မှာ ၄၀၀၀ တောင် ဝယ်သင့်ရင် ဝယ်ပါမယ်။ ဆိုတော့ ဘာကြောင့် ၄၀၀၀ ဝယ်နိုင်မလဲဆိုတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကျန်းမာရေးကနေပြီးတော့ ၂၄ ဘီလီယံလောက် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ထည့်ပေးထားပါတယ်။ ကျွန်တော်တို့ ဒါကတော့ Internal Rearrange ပေါ့လေ။ လုပ်ထုံးလုပ်နည်းအရ လုပ်ပြီးတော့ ပိုက်ဆံလွှဲပြီးတော့ ပိုဝယ်ပါမယ်။ ပိုဝယ်တဲ့အပြင် ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ဆက်စပ်မေးခွန်း ဖြေခွင့်ပေးပါ။

လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် ကျွန်တော်ကို ခဏခဏလာတောင်းပါတယ်။ Outdoor Equipment ။ Outdoor Equipment ။ ကျွန်တော် ပေးပါမယ်။ အလားတူပဲ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးကလည်း အရမ်းအရေးကြီးပါတယ်။ အဲဒါကြောင့် မနက်ဖြန်လွှတ်တော်ပြီးမယ်။ ဇန်နဝါရီမတက်ခင်မှာ စည်ပင်ထဲမှာ Badminton Cote ရှိရင် Rocket Net အကုန်ပေးပါမယ်။ Table Tennis ခုံလည်းပေးပါမယ်။ Gym တွေလည်းရှိပါတယ်။ အဲဒီမှာလည်းရှိတဲ့ဟာတွေကို Update အကုန်လုပ်ပေးပါမယ်။ စက်ဘီးလည်း ကျွန်တော် ပထမတော့ အစီး ၅၀ ဝယ်ထားပါတယ်။ နေပြည်တော် ဝဏ္ဏသိဒ္ဓိမှာ။ ဘယ်သူမဆို လာကစားလို့ရတယ်။ ဝန်ထမ်းများ၊ ID Card တွေ၊ စီးလို့ရပါတယ်။ အလားတူပဲ Catch Run အနေနဲ့ကတော့ စည်ပင်ထဲကို အမျိုးသမီး စီးသုံးစီး၊ အမျိုးသားစီးသုံးစီး ကျွန်တော် ပေးပါမယ်။ အကယ်၍ သုံးမယ်ဆိုလို့ရင်တော့ ဆက်လက်ပေးမှာပါ။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကျန်းမာမှသာလျှင် သူတို့သည် Exercise လုပ်ခြင်းရဲ့တန်ဖိုး စိတ်ကြည်လင်မှု (Physical Finished) ကိုကြည့်မှ သူတို့နေရာပြန်ရောက်တဲ့အခါမှာ လူတွေကို ကစားအောင်လုပ်မယ်။ ဒါ လက်တွေ့ပါ။ သူတို့ Exercise လုပ်ခြင်းအားဖြင့်

ဘယ်လောက် Fresh ဖြစ်လဲ။ လွှတ်တော်လာတဲ့အခါမှာလည်း ဦးနှောက်က အရမ်းကြည်လင်တယ်။ Exercise လုပ်မှုဖြစ်မယ့်အတွက် ကျွန်တော် အကုန်လုပ်ပေးပါမယ်။ ဒါ First Priority ပါ။ အဲဒါ ကျွန်တော့်အနေနဲ့ အဲဒါလုပ်ပေးပါမယ်။

နောက်တစ်ချက်ကတော့ ကျန်တဲ့ဟာလည်း ဦးစားပေးဆိုတာ နိုင်တာ/မနိုင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို အချက်တွေ အများကြီးရှိတဲ့အတွက် နိုင်အောင်လုပ်တော့ လုပ်တယ်။ သို့သော်လည်း နိုင်ချင်မှနိုင်မယ်။ သို့သော် ပထမဦးဆုံးအရေးကြီးတာက ပြည်သူများ အားလုံး ကျန်းမာမှ National Finished ရမှသာလျှင် ကျွန်တော်တို့နိုင်ငံဟာ အများကြီးတိုးတက်မှာ ဖြစ်တဲ့အတွက် ကျွန်တော် ဒါတွေကို သေသေချာချာလုပ်ပေးပါမယ်။ ဒါကြောင့်လည်း ၂၄ ဘီလီယံ ကျန်းမာရေးအိတ်ထဲကနေ ဖဲ့ပြီးတော့ ပေးထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ လုပ်မှာပါ။ အကယ်၍ မရဘူးဆိုလို့ရှိရင် ကျွန်တော့်ကို ချက်ချင်းဖုန်းဆက်ပါ။ ကျွန်တော် လုံးဝဖြစ်အောင် လုပ်ပေး မှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်မေးခွန်းနဲ့ဆက်စပ်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးရဲ့ ကျန်းမာရေးအတွက်ကို အခုလို ဂရုစိုက်ပြီးမှ ဆောင်ရွက်ပေးမယ်ဆိုတာ လည်း ဝမ်းသာပါတယ်ဗျ။ ကျွန်တော် တင်ပြခဲ့တဲ့အထဲမှာ ပါသလိုပါပဲ။ ကျွန်တော်တို့ ကျောင်းတွေမှာ အဓိကပြိုင်ပွဲတွေကျင်းပဖို့အတွက်က ကျင်းပပေးမယ့်သူက လိုနေတာပါခင်ဗျား။ ဆရာမတွေများတဲ့ အတွက်လည်း အားကစားနည်းစနစ်တွေ မကျွမ်းကျင်တာ၊ ကွင်းတွေမဖောက်နိုင်တာ ဒီဟာတွေ မသိတာက အဓိကပြိုင်ပွဲတွေအတွက် ပြိုင်ပွဲတွေမကျင်းပနိုင်တဲ့အဓိကအချက်လို့ ယူဆပါတယ်။ ဒီ့အတွက်ကြောင့်မို့လို့လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးလက်အောက်မှာရှိတဲ့ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ ဒီလိုကျောင်းတွင်းပြိုင်ပွဲတွေ ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ပြိုင်ပွဲအသီးသီးအတွက် ဒိုင်လိုအပ်ချက်တွေ၊ နည်းစနစ်လိုအပ်ချက်တွေ၊ လေ့ကျင့်ရေး သင်တန်းတွေကိုရော ပံ့ပိုးကူညီပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ဗျ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော် ဒီမှာ ပေးထားပါတယ်။ အခုနက ဖြေဖို့ ကျန်သွားလို့ပါ။ မြို့နယ်အဆင့် အားကစားမှူးများအားလုံးသည် School Healthy နဲ့သွားပြီး တော့ ကျောင်းတွေမှာရှိတဲ့ကာယဆရာတွေနဲ့ပေါင်းပြီး ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။ ထို့အပြင် Index School Inter Universal Game ကိုလည်း လုပ်ဖို့ မနေ့ကပဲ ပညာရေးဝန်ကြီးနဲ့ ဆွေးနွေးခဲ့ ပါပြီ။ ကျွန်တော်တို့ အဲဒါကို စတင်လုပ်မှာပါ။ လုပ်တဲ့အခါမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်မယ်။ ပြီးမှသာလျှင် The Whole Country နိုင်ငံတော်အဆင့် အကုန်လုပ်ဖို့ရှိပါတယ်။ ပညာရေး ဝန်ကြီးဌာန ဝန်ကြီးနဲ့ မနေ့ကပဲ ဆွေးနွေးထားပါတယ်။ ကျွန်တော်တို့ လုပ်မှာပါ။ ဒါမှသာလျှင်

ကျွန်တော်တို့ နိုင်မှာပါ။ မဟုတ်လို့ရှိရင် ဘယ်လိုမှ မနိုင်နိုင်ပါဘူး။ ကျွန်တော်တို့ လုပ်မှာပါ အဲဒါ။ ကျေးဇူးပါ။

**ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် နေရာအတွက် အမြန်ဆုံးအစားထိုးခန့်အပ်ပေးရန်နှင့် ယင်းဆေးရုံအတွက် ရင်ခွဲရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်က ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင် မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်နေရာအတွက် အမြန်ဆုံး အစားထိုးခန့်အပ်ပေးရန်နှင့် ယင်းဆေးရုံအတွက် ရင်ခွဲရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်ရှင်။ တိုက်နယ်ဆေးရုံးတွေရှိတဲ့ စေတီပြင်ကျေးရွာဟာ ရသေ့တောင်မြို့နှင့် ၁၀ မိုင်၊ စစ်တွေ မြို့နှင့်မိုင် ၆၀ အကွာမှာ တည်ရှိပါတယ်။ စစ်တွေနှင့်ရသေ့တောင်မြို့ကို သွားမယ်ဆိုလို့ရှိရင်လည်း ရေလမ်းခရီးတစ်ခုတည်းကိုပဲ အသုံးပြုသွားလာကြရပါတယ်။ ဒီတိုက်နယ်ဆေးရုံကို ကျေးရွာပေါင်း ၄၈ ရွာမှ လူဦးရေပေါင်း ၃၅၀၀၀ ကျော်က အားကိုးအားထားပြုနေကြရပါတယ်။ ဒီဆေးရုံမှာ တာဝန်ကျနေတဲ့ တာဝန်ခံဆရာဝန်ဟာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့က ပြောင်းရွှေ့သွားပါတယ်။ ဒီနေ့အချိန်အထိ လူစားမရောက်ရှိသေးပါဘူး။ လောလောဆယ်မှာတော့ ရသေ့တောင်မြို့ဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ လက်ထောက်ဆရာဝန်တစ်ဦးကို ပူးတွဲလာရောက်တာဝန်ထမ်းဆောင်စေခဲ့တယ်လို့ သိရပါတယ်။ ဒီဆရာဝန်ကလည်း ရသေ့တောင်မြို့ကို သွားလိုက်လာလိုက်နဲ့ အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ဖို့ မပေးပါဘူး။ ရသေ့တောင်မြို့ပေါ်မှာ မြို့နယ်ဆရာဝန် တစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး ရှိပါတယ်။ မြို့နယ်ဆရာဝန်ကတော့ သင်တန်းတက်ဖို့သွားရတာနှင့် အစည်းအဝေးသွားရတာနှင့် မြို့ပေါ်မှာနေရတာ မရှိသလောက်ပါပဲရှင်။ လက်ထောက်ဆရာဝန်နှစ်ဦးရှိတဲ့ကြားက တစ်ဦးကိုအခြားမြို့နယ်သို့ ပူးတွဲတာဝန်ထမ်းဆောင်စေခြင်းအားဖြင့် တစ်မြို့နယ်လုံးရဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ဘယ်လိုလွှမ်းခြုံနိုင်မှာမဟုတ်ပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနလို အရေးကြီးတဲ့ဌာနတစ်ခုအနေဖြင့် ဆေးရုံဆေးခန်းတွေနဲ့ အလှမ်းဝေးတဲ့နေရာတွေမှာ ပြောင်းရွှေ့အမိန့်တွေထုတ်မယ်ဆိုရင် ပြောင်းရွှေ့ဝင်ရောက်လာမည့်ပုဂ္ဂိုလ်နှင့် ပြောင်းရွှေ့ထွက်ခွာသွားမည့် ပုဂ္ဂိုလ်တွေကို တစ်ပြိုင်တည်းအမိန့်ထုတ်ပေးရန် လိုအပ်ပါတယ်။ လူစားမရောက်ရှိဘဲ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းကို ပြောင်းရွှေ့စေလိုက်ခြင်းအားဖြင့် ဒေသခံပြည်သူများမှာ ကျန်းမာရေးအတွက် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ နေကြရပါတယ်။ မကြာသေးမီက စေတီပြင်ကျေးရွာအနီးမှာရှိတဲ့ ရွာတစ်ရွာမှာ ဆင်ရိုင်းနင်းပြီးတော့ လယ်သမားတစ်ဦးသေဆုံးသွားခဲ့ပါတယ်။ သေဆုံးသူနှင့်ပတ်သက်ပြီးတော့ သေမှုသေခံအတွက် Post Motel လုပ်ရန် ဆရာဝန်မရှိတဲ့အတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရပါတယ်။ မြို့ကြီးပြကြီးတွေမှာဆေးရုံ၊ ဆေးခန်းတွေ မှိုပေါက်နေသလိုများပြားနေပေမဲ့ ကျွန်မတို့ရဲ့ မဲဆန္ဒနယ်မြေကျေးရွာတွေမှာတော့ အပြင်ဆေးခန်းဆိုတာ မရှိတဲ့အတွက် အစိုးရဆေးခန်း

တွေကိုပဲ အဓိကအားကိုးနေကြရတာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဆေးရုံ၊ ဆေးခန်းနှင့်အလှမ်းကွာဝေးတဲ့ ကျွန်မတို့ရဲ့ ကျေးရွာနေပြည်သူများရဲ့ ကျန်းမာရေးကို အချိန်ပြည့်စောက်ရှောက်ပေးမည့် တိုက်နယ်ဆေးရာဝန်တစ်ဦးကတော့ ရှိကိုရှိနေသင့်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီတိုက်နယ်ဆေးရုံကို ၁၉၇၇ ခုနှစ်ကစတင်ပြီး ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအချိန်မှာ ဒီဆေးရုံအတွက် ရင်ခွဲရုံတစ်ရုံကလည်း လိုအပ်လျက်ရှိပါတယ်။ ကျေးရွာလူထုနဲ့ ဆေးရုံကြီးကြပ်မှုကော်မတီတိုက ညှိနှိုင်းပြီးတော့ ရင်းခွဲရုံတည်ဆောက်မည့်မြေနေရာကိုလည်း လျာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် ဒေါ်ခင်စောဝေရဲ့မေးခွန်းဖြစ်တဲ့ ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် အမြန်ဆုံးခန့်ထားပေးရန်နှင့် ရင်ခွဲရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့အပြင် မေးတဲ့မေးခွန်းမှာတော့ ကျွန်တော်တို့စာနဲ့ရေးတဲ့အချက်အပြင် ပိုတဲ့အချက်တွေလည်းပါပါတယ်။ ဒါနှင့်ကျွန်တော် အဲ့ဒါကတော့ ဖြေလို့ရသလောက်ဖြေပေးပါမယ်။ ဒီဆင်ရိုင်းနင်းပြီးတော့ Post Motel လုပ်မည့်ကိစ္စတွေက ဒီထဲမှာတော့ မပါပါဘူးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ရသေ့တောင်မြို့နယ် စေတီပြင်အတွက်တော့ ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ မှန်ပါတယ်။ ဆရာဝန်တစ်ဦးကို ရသေ့တောင်ကနေပြီးတော့ ၁-၁၁-၂၀၁၈ ရက်နေ့က တွဲဖက်တာဝန်ထားပါတယ်။ တွဲဖက်ဆိုတာကတော့ ထုံးစံအတိုင်း သူ့ရဲ့ကိုယ်ပိုင်လည်းဆေးရုံမဟုတ်တဲ့အတွက်ကြောင့် ယာယီသဘောဖြစ်တဲ့အတွက် စိတ်ဓာတ်ရေးရာအရရော၊ ဘာအရရော၊ ပါမစ်နစ်ကျတဲ့လူအတွက်လောက်တော့ မဖြစ်ပါဘူး။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီမှာ Permanent ကျဖို့အတွက်ကိုအဆင့်ဆင့်လုပ်ရပါ တယ်။ ကျွန်တော်တို့ ဒီနေ့ ၁ နာရီမှာ ကျွန်တော်တို့ EC ရှိပါတယ်။ ဒီ EC မှာ ဒီမှာအကုန်လုံးအဆင်သင့် ဖြစ်ပါတယ်။ ဒီမှာ ဆရာဝန်တစ်ဦးကို စေတီပြင်တိုက်နယ်ဆေးရုံကို ဒီနေ့ပဲကျွန်တော်တို့ အခုလုပ်ပြီးတော့ မကြာခင်မှာ ခန့်အပ်ပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို မှန်ပါတယ်။ ဒီလိုအခက်အခဲဒေသမှာ မလာတဲ့အတွက် ကျွန်တော့်အနေနဲ့က တစ်နှစ်တစ်နှစ်ကို ဆရာဝန်ခေါ်တဲ့ ၆ ရာခိုင်နှုန်းကို ခက်ခဲဒေသကလူတွေခေါ်ပါတယ်။ ဒီနှစ်မှာကျွန်တော်တို့ ၇၂ ဦးခေါ်ထားပါတယ်။ ဒီဆရာဝန်တွေဟာပြီးလို့ရှိရင် သူတို့ပြည်နယ်တိုင်းမှာ အနည်းဆုံး ခုနစ် သို့မဟုတ် ၅ နှစ်ပြန်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင်တော့ ဒီဆရာဝန်လိုအပ်ချက်တွေက အဆင်ပြေသွားဖို့ရှိပါတယ်။ နှစ်စဉ်နှစ်စဉ် ခေါ်နေပါတယ်။ နောက်နှစ်မှာဆိုရင်တော့ စပြီးထွက်တော့မှာပါ။ ကျွန်တော်တို့တက်နေတဲ့ လူတွေလည်းအများကြီးရှိနေပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးက ခက်ခဲဒေသကနေ အဲ့ဒါရှိပါတယ်။ ဒီလိုတစ်ခုရှိတာက။ တိုက်နယ်ဆေးရုံကိုခန့်တဲ့

ဆရာဝန်က ကျွန်တော်တို့ သေသေချာချာ ရှာရပါတယ်။ သူကခွဲစိတ်ကုသမှုကို တတ်တဲ့လူပဲကျွန်တော်က လွှတ်မှသာလျှင်အကျိုးရှိပါတယ်။ ခွဲစိတ်မှုကို မတတ်တဲ့ဆရာဝန်လွှတ်လို့ရှိရင် ကျွန်တော်တို့က လူနာဦးရေနည်းပြီးတော့ အကျိုးမရှိဖြစ်ပါတယ်။ အခုလာမည့် ဆရာဝန်သည် ခွဲစိတ်မှုမှာလည်း ကျွမ်းကျင်တဲ့ဆရာဝန်ဖြစ်ပါတယ်။ နာမည်ကတော့ ကျွန်တော် ဒါတော့မပြောသေးပါဘူး။

နောက်တစ်ချက်က လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စောဝေ မေးတဲ့ ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်ဆေးရုံတွင် လိုအပ်ချက်အရ ကျွန်တော်တို့ ဒီရေပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းကို လည်း ပြင်/ထိန်းစရိတ်ကနေပြီးတော့ ပိုက်ဆံခွဲဝေပြီးတော့ စက်တင်ဘာ ၃၀ ရက်နေ့မှာ ပြီးသွားပါပြီ။ ရင်ခွဲရုံတည်ဆောက်ခြင်းနှင့် ရင်ခွဲရုံကိုဆက်သွယ်သော ကွန်ကရစ်လမ်းပြုလုပ်ခြင်းလုပ်ငန်းအတွက် ကလည်း ၂၀၁၈-၂၀၁၉ ဒီနှစ်ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်ကနေပြီးတော့ ၁၆.၂၉ သန်း ခွင့်ပြုပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုပါ တယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်၊ ဒုဦးစီးမှူးတွေက အစည်းအဝေးတွေတက်ရတာနဲ့ အချိန်ကုန်ပါတယ်။ ကျွန်တော့် အနေနဲ့က ပြောထားပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးတွေရော ကျွန်တော်တို့ဆီမှာ ညွှန်/ချုပ်တွေရော တက်နိုင်သမျှ အစည်းအဝေးကို မလိုလျှင်မခေါ်ပါနဲ့။ သူတို့သည် အစည်းအဝေး လာခြင်းအားဖြင့် လူနာများကို ပစ်ပြီးလာရတဲ့အတွက် လိုအပ်မှသာလျှင် ခေါ်ဖို့ဆိုတာ ကျွန်တော်တို့ အမိန့်ထုတ်ထားပါတယ်။ ဆက်လက်ပြီးတော့ ဒီအမိန့်ကိုလည်း ဒီ ၁ ရက်၊ ၂ နှစ်ရက်အတွင်းပြန်ပြီး တော့ သူတို့ Request လုပ်ပါမယ်။ လိုအပ်မှသာလျှင် အစည်းအဝေးခေါ်ပါ။ သူတို့ရဲ့ မြို့နယ်ဆရာဝန် နှင့်တိုက်နယ်ဆရာဝန်။ သူတို့သည် ဒီမြို့နယ်မှာ သူတို့နှစ်ဦး၊ သုံးဦးပဲရှိတဲ့အတွက် မခေါ်ပါဘူး။ ကျွန်တော်ထပ်ပြီးတော့ အမိန့်သဘောမျိုးပေါ့လေ။ အကြောင်းကြားဖို့ရှိကြောင်း လေးစားစွာ ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒလမြို့နယ်၊ ဒလပြည်သူ့ဆေးရုံတွင် ခေတ်နှင့်လျော်ညီသော နှစ်ထပ်လူနာ ဆောင်တိုးချဲ့တည်ဆောက် ပေးရန်၊ ရခိုင်ချောင်းတိုက်နယ် ဆေးရုံကိုလည်း စံကိုက်အဆောက်အဦ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ဒလပြည်သူ့ဆေးရုံမှာ ခေတ်နှင့်လျော်ညီသောတိုးချဲ့နှစ်ထပ်လူနာ ဆောင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ ဒလမြို့နယ်၊ ရခိုင်ချောင်းတိုက်နယ်ဆေးရုံကိုလည်း စံကိုက်အဆောက်အဦအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်း ကို ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ဆက်လက် မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ဒလမြို့နယ်ဟာဆိုလို့ရှိရင် ရန်ကုန်မြို့တော်နှင့် ရန်ကုန်မြစ်ခြားလျက် တည်ရှိတဲ့မြို့နယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သွားရေးလာရေးခက်ခဲပြီးတော့ ကျန်းမာရေးပြဿနာတွေဖြစ်ပေါ်လာတဲ့အခါမှာ အဆင့်မီကျန်းမာရေးစောင့်ရှောက်မှုတွေကို မြို့နေလူထုအနေနဲ့ လိုအပ်တဲ့အခါမှာ များစွာအခက်အခဲတွေ့နေရတဲ့မြို့နယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒလမြို့နယ်ပြည်သူ့ဆေးရုံဟာ ပြည်သူများရဲ့ အားထားရာဆေးရုံတစ်ရုံ ဖြစ်ပါတယ်။ ဒါကတော့ ၁၉၈၂ ခုနှစ်က ဆောက်ခဲ့တဲ့ ၂၅ ခုတင်ဆံ့ ကုသရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ ဒလပြည်သူ့ဆေးရုံဖြစ်ပါတယ်။ ဒီဆေးရုံဟာ ၁၉၈၂ ခုနှစ်က ဆောက်ခဲ့တာဖြစ်တဲ့အတွက် အခုခေတ် ခေတ်မီဆေးရုံတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ Standard ဆေးရုံတွေလို ပုံစံမရှိပါဘူး။ ရှေးဟောင်းပုံစံဆေးရုံတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဆေးရုံထဲမှာ ခွဲစိတ်ဆောင်တွေ၊ ခွဲစိတ်ခန်းတွေ၊ လူနာဆောင်တွေ၊ တီဘီကုသဆောင်တွေ၊ သွားကုသဆောင်တွေနဲ့ ဓာတ်ခွဲခန်းဆောင်တွေကိုထည့်သွင်းလှုပ်ရှားပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ထည့်သွင်းကုသပြီးတော့ လူနာများကို ကုသပေးနေတာဖြစ်ပါတယ်။ ဒါကတော့ ဒလပြည်သူ့ဆေးရုံရဲ့ နှစ်အလိုက်လူနာအခြေပြဇယားပဲဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များရဲ့ ပူးပေါင်းကူညီမှု၊ မြို့လူထုရဲ့ပံ့ပိုးကူညီမှုနဲ့ မြို့နယ်ဆရာဝန်ကြီးနဲ့ဝန်ထမ်းများရဲ့ကြိုးပမ်းအားထုတ်မှုတွေကြောင့် လူနာတွေဟာ နှစ်အလိုက်လူနာအခြေပြဇယားမှာကြည့်မယ်ဆိုလို့ရှိရင် ပြင်ပလူနာနှင့် အတွင်းလူနာတွေဟာ တိုးတက်လာပြီးတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာဆိုလို့ရှိရင် ယခင်နှစ်များအထိ နှစ်မကုန်သေးပေမဲ့လည်း တိုးတက်ပြီးတော့ ဆေးရုံကိုအားကိုးတကြီးလာရောက်ကုသတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်များပြားလာတဲ့လူနာတွေကို ပိုမိုထိရောက်အောင်ကုသနိုင်ဖို့အတွက် Side Plan မှာပါတဲ့နေရာမှာ တစ်ထပ်လူနာဆောင်တွေ တိုးချဲ့တည်ဆောက်လိုပါတယ်ခင်ဗျား။ ဘာကြောင့် တိုးချဲ့တည်ဆောက်လိုလဲဆိုလို့ရှိရင် ခွဲစိတ်လူနာတွေ၊ မွေးလူနာတွေ၊ မွေးကင်းစလူနာတွေဟာ နှစ်စဉ်တိုးတက်များပြားလာတာဖြစ်တဲ့အတွက် လူနာတွေကို ထိထိရောက်ရောက်လုပ်ဖို့အတွက် ခွဲစိတ်ခန်းတွေ၊ မွေးလူနာတွေထားဖို့၊ မွေးကင်းစလူနာတွေစောင့်ရှောက်ဖို့အတွက် အပေါ်ထပ်မှာထားရှိဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ ရခိုင်ချောင်းတိုက်နယ်ဆေးရုံလက်ရှိအနေအထားဖြစ်ပါတယ်။ ဒီဆေးရုံဟာ ၁၉၃၉ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပြီးတော့ ဆေးရုံကိုလှူဒါန်းသွားတဲ့လူကတော့ ဒေါ်မမ ဖြစ်ပါတယ်။ သေချာလေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီဆေးရုံရဲ့အနေအထားဟာ ဆေးရုံအနေအထားနဲ့မတူဘဲ လူနေအိမ်နဲ့တူနေတာတွေ့ရမှာ ဖြစ်ပါတယ်။ အပေါ်ကဓာတ်ပုံကတော့ အဆိုရှင်ရဲ့ဓာတ်ပုံဖြစ်ပါတယ်။ ခေတ်နဲ့မလျော်ညီတဲ့ ဒီဆေးရုံဟာ ပျက်စီးမှုများနဲ့ကြုံတွေ့နေတာကို ပြသထားတဲ့ပုံပဲဖြစ်ပါတယ်။ ဒီဆေးရုံရဲ့ထူးခြားချက်ကတော့ ဆေးရုံမှာ ယခင်ယခင်က တိုက်နယ်ဆရာဝန်ရှိတဲ့အခါမှာ လူနာတွေဟာ အားကိုးကြပြီးတော့ တိုက်နယ်ဆရာဝန်မရှိတဲ့ကာလတစ်ခုကို ဖြတ်သန်းတဲ့အခါမှာ လူနာတွေ လျော့ကျသွားပြီးတော့ ယခုအခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ကျေးဇူးကြောင့် တိုက်နယ်ဆရာဝန်ရောက်ရှိလာတဲ့အခါမှာ လူနာတွေရဲ့အားကိုးမှုကို ပိုမိုခံယူလာပြီးတော့ အဲဒီဆရာဝန်နဲ့ဝန်ထမ်းများရဲ့စာရင်း ဖြစ်ပါတယ်။

**မူကြမ်း**

အဲဒီဆရာဝန်ရဲ့ကြိုးပမ်းအားထုတ်မှုကြောင့် လူနာတွေဟာ တိုက်နယ်ဆေးရုံမှာ ထူးခြားများပြားပြီးတော့ တိုးတက်အားကိုးလာတဲ့အပြင် ဘေးပတ်ဝန်းကျင်ရွာများကလည်း အားကိုးအားထားပြုတာကို တွေ့မြင်ရပါတယ်။ ဒါကတော့ Side Plan မှာပါတဲ့ အဲဒီလိုတိုးတက်များပြားလာတဲ့လူနာတွေ ခေတ်မီစွာ၊ ခေတ်နဲ့လျော်ညီစွာကုသနိုင်ဖို့အတွက် တစ်ထပ်လူနာဆောင်ထားမယ့်နေရာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ပြောကြားလိုတာကတော့ ဒလမြို့နယ်ဆေးရုံနဲ့ ရခိုင်ချောင်းတိုက်နယ်ဆေးရုံမှာ နှစ်ထပ်တိုးချဲ့လူနာဆောင်နဲ့စံကိုက်အဆောက်အဦများ ဆောက်လုပ်ပေးရန် အထက်ပါအကြောင်းများအရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြအေး၏မေးခွန်းဖြစ်တဲ့ ပြည်သူ့ဆေးရုံမှာ ခေတ်နှင့်လျော်ညီတဲ့တိုးချဲ့နှစ်ထပ်ဆောင်နှင့် ရခိုင်ချောင်းတိုက်နယ်ဆေးရုံမှာ စံကိုက်အဆောက်အဦနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်များအားလုံးလည်းမှန်ပါတယ်။ သဘောလည်းတူပါတယ်။ ဒီနေရာကပဲ တစ်ဆက်တည်း ဒလဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ဆရာဝန်၊ ဆရာမဝန်ထမ်းအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ယူကြောင်း ပြောလိုပါတယ်။ လူနာများ များလာခြင်း၊ ခွဲစိတ်လူနာများ များလာခြင်း၊ မွေးလူနာများ များလာခြင်းအားဖြင့် ဆရာဝန်၊ ဆရာမတွေရဲ့ စွမ်းဆောင်မှုဆက်ဆံရေးကအစ အလွန်ကောင်းလို့သာလျှင် များခြင်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်လည်းယူပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော့်အနေနဲ့ကြည့်မယ်ဆိုရင် ဒလမြို့နယ် ၂၅ ခုတင်ဆံ့ကို ပြန်ကြည့်လိုက်တဲ့အခါမှာ၊ လူနာကုသဆောင်ကိုကြည့်တဲ့အခါမှာ အုတ်ညှပ်အမျိုးအစားနဲ့ဆေးရုံကြီးက ၂၉ နှစ်လောက်ရှိပါပြီ။ ကာလကလည်း တော်တော်ကြာတဲ့အခါကျတော့ ကုသရေးဝန်ဆောင်မှုအတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း စနစ်တကျဖွဲ့စည်းထားခြင်းမရှိပါဘူး။ လူဦးရေကလည်း ၁၆၈၀၀၀ ကျော်ရှိပြီး ကျေးရွာအုပ်စုတွေကလည်း အရမ်းများတာ တွေ့ရှိရပါတယ်။ အခြေခံအဆောက်အဦဆောက်လုပ်ဖို့လည်း မြေတွေကရှိတာကို ကျွန်တော်သွားတွေ့ရပါတယ်။ အဲဒါကြောင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သေးလို့ လူနာကုသရေးဝန်ဆောင်မှုကောင်းမွန်ဖို့အတွက်ကို နှစ်ထပ်တိုးချဲ့ဆောင် အဆောက်အဦတိုးချဲ့ဖို့က လိုအပ်လျက်ရှိကြောင်း တွေ့ရှိပါတယ်။ အဲဒါကြောင့် ပထမ Step အနေနဲ့ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒီနှစ်မှာ ဆေးရုံအုပ်နေအိမ်တစ်လုံး၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးကို ဆောက်လုပ်မယ့်ရန်ပုံငွေသန်း ၂၁၀ ခန့်ခွင့်ပြုပြီး ယခုအခါ တင်ဒါခေါ်ပြီးစတင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဒလ ၂၅ ခုတင်ပြည်သူ့ဆေးရုံမှာ ခွဲစိတ်ခန်းပါဝင်သော တိုးချဲ့နှစ်ထပ်လူနာဆောင်အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ

ငွေလုံးငွေရင်းအသုံးစရိတ်မှာ ထည့်ပေးမယ်။ ဒီဇိုင်းတွေကတော့ စတင်ပြီးဆွဲနေပါပြီ။ ၂၀၁၉-၂၀၂၀ မှာ ဘတ်ဂျက်ခွင့်ပြုတာနဲ့ဆက်လက်ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ ဒီဇိုင်းပါစဆွဲနေပါပြီ။ ဒုတိယအချက်ဖြစ်တဲ့ ဒလမြို့နယ်၊ ရခိုင်ချောင်းတိုက်နယ်ဆေးရုံရဲ့လူနာဆောင်ကိုလည်း ပြန်လည်စိစစ်ကြည့်ပါတယ်။ စိစစ်ကြည့်တာမှန်ပါတယ်။ အလှူရှင်ကလှူတာ အုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်ပြီး ၇၉ နှစ်ခန့်ကြာမြင့်ပြီဖြစ်ပါတယ်။ ကာလကြာမြင့်ပြီဖြစ်တဲ့နှစ်ထပ်ဆောင် ဆေးရုံအဆောက်အဦသာအခြေပြုပြီး ကုသရေးလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။ လွှမ်းခြုံတဲ့သူကလည်း ၁၆၀၀၀ ကျော်လောက်ရှိပါတယ်။ လက်ရှိအဆောက်အဦကတော့ ပြင်ပလူနာကုသဌာန၊ အရေးပေါ်ကုသခါတ်ခွဲနဲ့ သားဖွားခန်းအဖြစ် ဆက်လက်အသုံးပြုရန်ပဲ သင့်လျော်ပါတယ်။ အတွင်းလူနာများထားရှိရေး၊ ခါတ်မှန်၊ ခါတ်ခွဲ၊ ခွဲခန်းတွေ စနစ်တကျပြင်ဆင်ပြောင်းလဲခြင်းကို လုပ်ဖို့လိုတယ်ဆိုတာ တွေ့ရတဲ့အတွက် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့က ရခိုင်ချောင်းတိုက်နယ်ဆေးရုံအတွက် လေးခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ဖို့အတွက် ခွင့်ပြုငွေကျပ် ၄၄ သန်းခွင့်ပြုပြီးဖြစ်တဲ့အတွက် ယခုအခါ တင်ဒါခေါ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ဒလသည် ရခိုင်ချောင်းတိုက်နယ်ဆေးရုံမှာ ခါတ်ခွဲခန်းနဲ့ ခွဲခန်းအပါအဝင် တိုးချဲ့တစ်ထပ်လူနာဆောင်အဆောက်အဦကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေမှာထည့်သွင်းမယ်။ ကျွန်တော်တို့စတင်ပြီးတော့ ဒီဇိုင်းလည်းစတင်ဆွဲတာဖြစ်တဲ့အတွက် ၂၀၁၉-၂၀၂၀ မှာတော့ အားလုံးပြီးစီးသွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုလုပ်သည့် နိုင်ငံခြားရေယာဉ်၏ လေ့လာတွေ့ရှိချက်များသည် သက်ဆိုင်ရာဌာနနှင့် ပြည်သူများအတွက် မည်သို့အကျိုးပြုသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုလုပ်သည့် နိုင်ငံခြားရေယာဉ်၏ လေ့လာတွေ့ရှိချက်များသည် သက်ဆိုင်ရာဌာနနှင့် ပြည်သူများအတွက် မည်သို့အကျိုးပြုသည်ကို သိလို၍ မေးမြန်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နော်ဝေနိုင်ငံမှ သုတေသနရေယာဉ် Dr.Fridtjof Nansen ဟာ ယခုနှစ် ဩဂုတ်လအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်အတွင်းရှိ ပင်လယ်ရေမျက်နှာပြင်တို့မှာ ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုသွားသည်ဟု သိရပါတယ်။ အဲဒီရေယာဉ်ဟာ ၁၉၇၉ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၉ ခုနှစ်တွင်တစ်ကြိမ်၊ ယခုနှစ်တွင် တစ်ကြိမ် ပေါင်းသုံးကြိမ် သုတေသနပြုလုပ်ပြီးကြောင်းလည်း

**မူကြမ်း**

သိရပါတယ်။ ဒါ့ကြောင့် အဲဒီသုတေသနရေယာဉ်က မြန်မာ့ပိုင်နက်ပင်လယ်ပြင်အတွင်း ၎င်းတို့ သုတေသနပြုချက်များကြောင့် ရရှိတဲ့သုတေသနပြုချက်များကို သက်ဆိုင်ရာမှ လက်ခံရရှိခြင်းရှိ/မရှိ၊ ရှိပါက ထိုသုတေသနပြုချက်ရလဒ်များအရ မြန်မာ့ပင်လယ်ရေပြင်လုပ်သားများနှင့် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ကြေညာခဲ့ခြင်း၊ ပညာပေးခြင်း၊ ရှင်းလင်းခြင်းရှိ/မရှိနှင့် သုတေသနပြုချက်များကို မည်ကဲ့သို့အသုံးချသည်ကိုသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုတွေကို သုတေသနပြုလုပ်တဲ့ နိုင်ငံခြားရေယာဉ်ရဲ့ လေ့လာတွေ့ရှိချက်တွေကို သက်ဆိုင်ရာဌာနနှင့် ပြည်သူတွေအတွက် အသိပညာပေးမှု၊ အကျိုးပြုစေမှုနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းထားမှုဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့ မေးခွန်းအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပေါင်းစပ်ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မြန်မာ့ရေပိုင်နက်မှာ ငါးသယံဇာတတည်ရှိမှုကိုသိရှိနိုင်ဖို့ ကမ္ဘာ့စားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့(FAO)ရဲ့အစီအစဉ်နဲ့ နော်ဝေနိုင်ငံ၊ Institute of Marine Research ရဲ့ Dr.Fridtjof Nansen သုတေသနရေယာဉ်နဲ့ ငါးသယံဇာတတည်ရှိမှုနှင့် အဏ္ဏဝါဇီဝကွဲပြားမှု သုတေသနလုပ်ငန်းတွေကို ၁၉၇၉ ခုနှစ်ကနေပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခု ၂၀၁၈ ခုနှစ် အထိ စုစုပေါင်း ငါးကြိမ် မြန်မာ့ကမ်းရိုးတန်းရေပြင်တစ်လျှောက် သုတေသနပြုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုနောက်ဆုံး (၅)ကြိမ်မြောက် ဆောင်ရွက်ခဲ့မှုကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ကနေပြီးတော့ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ဆောင်ရွက်ခဲ့မှုဖြစ်ပါတယ်။ သုတေသနဆောင်ရွက်ခဲ့မှုတွေအရ ၁၉၇၉-၁၉၈၀ ပြည့်နှစ်၊ ၂၀၁၃ ခုနှစ်၊ မိုးလွန်ကာလ တိုင်းတာရာမှာ ငါးသယံဇာတ ရေပေါ်နေငါးအုပ်စုမှာ ၉၀ ရာခိုင်နှုန်းခန့်၊ ရေအောက်ကြမ်းပြင်နေ ငါးအုပ်စု ၇၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားတဲ့ သုတေသနရလဒ်ကို တွေ့ရှိခဲ့ရပါတယ်။ တစ်ဖန် သို့သော်လည်းပဲ ငါးအုပ်စုတွေအသစ်ဖြစ်ပေါ်မှုနှင့် ငါးအထိအမိဟာ ရေဝန်ဂေဟဆိုင်ရာပြောင်းလဲမှုအရ မိုးလွန်နှင့် မိုးဦးကာလတွေမှာ ကွာဟချက်တွေဖြစ်ပေါ်နိုင်တဲ့အတွက် မိုးဦးကာလမှာ ငါးမျိုးစိတ်အလိုက် ငါးများရဲ့ပေါက်ဖွားရာသီကို ခန့်မှန်းတွက်ချက်နိုင်ဖို့ ၂၀၁၅ ခုနှစ်မှာ ထပ်မံပြီးတော့ သုတေသနပြုဆောင်ရွက်ခဲ့ပါတယ်။ ယင်းအခြေအနေမှာ ရေပေါ်/ရေအောက်ငါးအုပ်စုမှာ အနည်းငယ်တိုးတက်လာတဲ့ အနေအထားတွေ့ရှိရပါအကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း

သုတေသနရလဒ်အရ ငါးအုပ်စုတွေအနည်းငယ် ပိုမိုလာရခြင်းရဲ့အကြောင်းကို ပြန်ဆန်းစစ်လိုက်မယ်ဆိုရင် ရာသီဥတုပြောင်းလဲမှုနဲ့အတူ ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရနယ်မြေ ပိုမိုသတ်မှတ်ဆောင်ရွက်ခြင်းနဲ့ မြန်မာ့ပင်လယ်ပြင်အတွင်း နိုင်ငံခြားငါးဖမ်းသင်္ဘောတွေ ဝင်ရောက်မှုလျှော့ချခြင်းနဲ့ ပိတ်ပင်တားဆီးခြင်းများ ထိရောက်စွာဆောင်ရွက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ငါးအုပ်စုပိုမိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ၂၀၁၈ ခုနှစ် သုတေသနတိုင်းတာမှုမှာ ယခင်ကလိုပဲ ငါးသယံဇာတတည်ရှိမှု တိုင်းတာခြင်းတစ်ခုတည်းမဟုတ်ဘဲနဲ့ လက်ရှိ ပင်လယ်ပြင်အတွင်း ပလတ်စတစ်ပါဝင်မှု (Micro Plastic)နှင့် ငါးတွေရဲ့ငါးဥနှင့် ငါးသားလောင်းတွေ ပျံ့နှံ့တည်ရှိမှုအခြေအနေ၊ ရေအောက်ကြမ်းပြင်မှာရှိတဲ့ အနည်အနှစ်တွေမှာ ဓာတုဗေဒပါဝင်မှု တိုင်းတာစစ်ဆေးမှုများနဲ့ ဘေးအန္တရာယ်ကင်းတဲ့ အာဟာရဓာတ်ပြည့်ဝမှုအခြေအနေစစ်ဆေးမှုတွေ စတဲ့ပတ်ဝန်းကျင်စောင့်ကြည့်မှုလုပ်ငန်းတွေကိုလည်းပဲ သုတေသနပြုလေ့လာအကဲဖြတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ဘာသာရပ်ဆိုင်ရာတက္ကသိုလ်များ၊ တပ်မတော်(ရေ)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့အစည်းတို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ် သုတေသနရလဒ်တွေအပေါ်မှာအခြေခံပြီးတော့ မြန်မာ့ပင်လယ်ပြင်မှာ ငါးမျိုးစိတ်အလိုက် ငါးမဖမ်းရမယ့်ရာသီ၊ ငါးမဖမ်းရနယ်မြေ ပြန်လည်ဆောင်ရွက်သင့်တဲ့လုပ်ငန်း စီမံခန့်ခွဲမှုအစီအမံတွေကိုပြုလုပ်လာခဲ့ပါတယ်။ ပိုမိုကောင်းမွန်တဲ့ ငါးလုပ်ငန်းစီမံခန့်ခွဲမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှုနဲ့အတူ ပြည်သူတွေရဲ့ ငါးစားသုံးမှုလုံခြုံဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက်လည်းပဲ ငါးအသားမှာ ပလတ်စတစ်ပါဝင်မှုနှုန်း(Micro Plastic) မည်မျှများပြားနေတဲ့ကိစ္စကို အထူးအလေးပြုပြီး သုတေသနပြုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ ၎င်းသုတေသနရလဒ်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့(FAO)ရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်သုံးသပ်လျက်ရှိပါတယ်။ ယခုလာမယ့် ၂၀၁၉ ခုနှစ် မေလခန့်မှာ ထုတ်ပြန်ကြေညာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သုတေသနရလဒ်တွေထွက်ပေါ်လာမယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ သတင်း/မီဒီယာတွေကတစ်ဆင့် ပြည်သူတွေသိသင့်သိထိုက်တဲ့ သုတေသနရလဒ်တွေကို ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ဖို့အတွက် လိုအပ်ချက်တွေကို ကမ်းနီး/ကမ်းဝေးငါးဖမ်းရေးဆိုင်ရာ စည်းကမ်းချက်တွေနဲ့ တားမြစ်ချက်များ၊ အမိန့်ညွှန်ကြားစာများကိုလည်းပဲ ထုတ်ပြန်ပြီး ပြည်သူတွေ အသိပညာပေးရရှိစေဖို့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကာလဖြစ်ပေါ်နေတဲ့ ပလတ်စတစ်ညစ်ညမ်းမှုနှင့် ဆိုးကျိုးအန္တရာယ်ကြောင့် ပင်လယ်ပြင်အတွင်းမှာရှိတဲ့ ငါးအပါအဝင် ရေနေသတ္တဝါတွေ ထိခိုက်ပျက်စီးမှု၊ ငါးဖမ်းလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းအပေါ်မှာ ထိခိုက်နိုင်မှု၊ ပလတ်စတစ်များတဲ့ ပင်လယ်ပြင်မှရရှိတဲ့ ငါးတွေဟာ နိုင်ငံခြားပို့ကုန်အဖြစ် ဈေးကွက်ရရှိဖို့ ပိုမိုခက်ခဲလာမှုအခြေအနေမျိုး တွေ့ရှိနေရပြီဖြစ်ပါတယ်။ ငါးအသားဓာတ်မှာ ပလတ်စတစ်ပါဝင်မှုဟာ ကျန်းမာရေးထိခိုက်ပြီး ဆိုးကျိုးဖြစ်လာနိုင်မှုအပေါ် ပြည်သူတွေပိုမိုသိရှိလာခြင်းအားဖြင့် မိမိတို့ပတ်ဝန်းကျင်မှာ ပလတ်စတစ်နဲ့ အမှိုက်များစွန့်ပစ်မှုပပျောက်အောင် ထိန်းကျောင်းလာနိုင်မှာဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့်

ပင်လယ်ပြင်အတွင်း ပလတ်စတစ်တွေ အလွယ်တကူရောက်ရှိမှု စွန့်ပစ်ထားတဲ့ နည်းပါးလာစေမှု ကနေပြီးတော့ ပိုမိုကောင်းမွန်တဲ့ ငါးအာဟာရဓာတ်များရရှိလာနိုင်မယ့်အပြင် ငါးသယံဇာတတွေ တိုးပွားရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် မြန်မာ့ပင်လယ်ပြင်ရေလုပ်သားတွေနဲ့ ပြည်သူများလိုက်နာဆောင်ရွက်ရေး၊ အသိပညာပေးမှုလုပ်ငန်းတွေကို စီမံဆောင်ရွက်လျက် ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**၁၆ လက်မ တစ်မိုင်စကေးဖြင့် ရေးဆွဲထားသော မြစ်သားမြို့နယ်၊ ကူမဲမြို့မြေပုံအား ၆၄ လက်မ တစ်မိုင်စကေးဖြင့် အသစ်ပြန်လည်ရေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော်ပဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မှာ ကျွန်တော်တို့ မြစ်သားမြို့နယ်၊ ကူမဲမြို့အတွက် မေးခွန်းလေး မေးမြန်းသွားမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းရတဲ့အဓိကအကြောင်းအရင်းကတော့ ကူမဲဆိုတာက အရင်တုန်းက ရွာလေးသေးသေးလေးကနေ စတင်ခဲ့တာပါ။ အဲဒီကနေပြီးတော့မှ ဒီကူမဲဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တယ်။ အနီးအနားရွာတွေက မြေဆီသြဇာနှင့်ပြည့်စုံတယ်။ နောက်အနော်ရထာကနေတင်ပြီးတော့ ကင်းတားလေး၊ ကင်းတားကြီး ဆည်ရေသောက်စနစ်တွေနဲ့ ပီပီပြင်ပြင် လုပ်ခဲ့တယ်။ နောက် ကူမဲရွာသူရွာသားတွေ ညီညီညာညာနဲ့လုပ်ခဲ့တဲ့အခါမှာ ကူမဲကရွာကြီးတစ်ရွာ ဖြစ်ပြီးတော့ စံပြကျေးရွာဖြစ်တဲ့ထိတောင် ရောက်ရှိလို့လာခဲ့ပါတယ်။ အဲဒီနောက် ကူမဲစံပြကျေးရွာ ရွာသူရွာသားတွေက ကိုယ်နိုင်တဲ့နေရာကနေပြီးတော့ ညီညီညာညာနဲ့ ငွေအား၊ လူအား အားလုံး ဝိုင်းဝန်းပြီးတော့လုပ်လိုက်တဲ့ကြိုးစားလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဒီ NLD အစိုးရလက်ထက်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ လက်ထက်မှာပဲ ပြည်ထောင်စု Cabinet ရဲ့ ခွင့်ပြုမှုကြောင့်မို့လို့ ကူမဲစံပြကျေးရွာဟာ မြို့အဖြစ် အဆင့်တိုးသတ်မှတ်ကြောင်းကို ပြည်ထောင်စုလွှတ်တော်မှာ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့က မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ မြို့အဖြစ်ဖြစ်လာသော်ငြားလည်း ကူမဲရဲ့မြေပုံမြေတိုင်းတာမှုဟာ ၁၆ လက်မ ၁ မိုင်စကေးသာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြို့အင်္ဂါရပ်နှင့်ညီညွတ်ပီပြင်မှုမရှိသေးပါဘူး။ ရုံးမြေ၊ ကျောင်းမြေ၊ ဈေးမြေ၊ သာသနာဓိကမြေစတဲ့ ကွက်စိတ်ကွက်ကျဲပီပီပြင်ပြင်တိုင်းတာမှုမရှိသေးတဲ့အပြင် အထက်ပါအကြောင်းအရင်းများကြောင့် ဂရန်ဖောက်တဲ့နေရာမှာလည်း မလိုအပ်ဘဲနဲ့ အချိန်ကြန့်ကြာမှုတွေ ရှိနေပါသေးတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြစ်သားမြို့နယ်ရှိ ကူမဲမြို့ကို မြို့အင်္ဂါရပ်နှင့်ပီပြင်ပြည့်စုံနိုင်ရန်အတွက် ၆၄ လက်မ ၁ မိုင်စကေးနဲ့မြေပုံအသစ်ပြန်လည်ရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိကို ကူမဲမြို့ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့ မေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်မှာရှိတဲ့ ကူမဲက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလိုပါပဲ။ ယခင်ကကျေးရွာဖြစ်တယ်။ အဲဒီကျေးရွာကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၃-၅-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာ(၆၇၈/၂၀၁၇)နဲ့ ကူမဲမြို့အဖြစ်နဲ့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းစဉ်အရ ၁၆ လက်မ ၁ မိုင် စကေးနဲ့ရေးဆွဲထားတဲ့ ကူမဲမြို့မြေပုံကို ၆၄ လက်မ ၁ မိုင်စကေးနဲ့ ကွက်ကြဲ၊ ကွက်စိတ်မြေတိုင်းတာခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့လိုအပ်ချက်ရှိနေတာတွေ မှန်ကန်ပါတယ်။ မြို့မြေတွေက ဒေသအလိုက် မြေတန်ဖိုးကြီးမြင့်ပါတယ်။ မြို့မြေတိုင်းတာရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အခါမှာ ပိုင်ဆိုင်မှုပြဿနာ၊ နယ်နိမိတ်ပြဿနာတွေ ဖြေရှင်းဆောင်ရွက်ဖို့အတွက် လက်ရှိအခြေအနေထိ ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်လက်စွဲဥပဒေပုဒ်မ ၂ ပြဋ္ဌာန်းချက်နှင့်အညီ ဦးစွာ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(နယ်သတ်ဝန်)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ(နယ်ခြားဝန်)တို့ကို ခန့်ထားပြီးတော့မှ ဆောင်ရွက်လျက်ရှိတဲ့အကြောင်း တင်ပြလိုပါတယ်။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့နယ်တွေမှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိမြို့တွေကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်းကောင်း၊ နယ်နိမိတ်ကြီးကြပ်ရေးအရာရှိ(နယ်ခြားဝန်)ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးကိုလည်းကောင်း တာဝန်ပေးဆောင်ရွက်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေကနေတိုင်းတာမယ့် မြို့နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ တွေကို ခန့်ထားပေးနိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရပါတယ်။ ဝန်ကြီးဌာနက ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းပြီး နိုင်ငံတော် အစိုးရကိုယ်စား နယ်သတ်ဝန်နှင့် နယ်ခြားဝန်များခန့်ထားရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ကူမဲမြို့ကို ၆၄ လက်မ ၁ မိုင်စကေးနဲ့ ကွက်ကြဲ၊ ကွက်စိတ်တိုင်းတာနိုင်ဖို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကုန်ကျစရိတ်ရန်ပုံငွေတွက်ချက် တင်ပြတောင်းခံထားပြီး ဖြစ်ပါ တယ်။ ရန်ပုံငွေရရှိတာနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ် ကြီးကြပ်ရေးအရာရှိတွေကို ခန့်ထားနိုင်ရေးဆောင်ရွက်သွားဖို့လည်း စီစဉ်ထားရှိပြီဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ အချက်များနှင့်စပ်လျဉ်းပြီး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်နဲ့ မြေတိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ရန်ပုံငွေတောင်းခံထားရှိပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လိုအပ်တဲ့မြေသတ်ဥပဒေနှင့်အညီ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြီးကြပ်ရေးအရာရှိတို့ကို ခန့်ထားဆောင်ရွက်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချပေးခြင်းမရှိဘဲ အိမ်ခြံကွက်ဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်က ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီနေ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချထားပေးခြင်းမရှိဘဲ အိမ်ခြံကွက်ဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းများကို မည်ကဲ့သို့အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအနှံ့အပြားတွင် မြို့နှင့်တစ်ဆက်တည်းရှိသော လယ်ယာမြေ၊ မြေလွတ်နှင့် မြေရိုင်းများတွင် ပိုင်ဆိုင်ထားသူများမှ မိမိတို့သဘောဖြင့် အိမ်ခြံအလွတ်များ ဖော်ထုတ်ရောင်းချခြင်း၊ မြေလွတ်၊ မြေရိုင်းများကို စက်ကြီးများနှင့်ဖြိုချကာ မြေညှိပြီး အိမ်ခြံကွက်များ ရောင်းချခြင်းများကို တွေ့ရှိနေရပါတယ်။ ဒ့ါအပြင် လယ်ယာမြေများပေါ်တွင် ဓာတ်ဆီဆိုင်များ၊ စားသောက်ဆိုင်များ၊ ယာဉ်ရပ်နားစခန်းများစသဖြင့် ပုံစံမျိုးစုံနဲ့ အသုံးပြုလျက်ရှိနေပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ကျွန်မမြို့နယ်က ပုံတွေပဲ ဖြစ်ပါတယ်။ တောင်ကုတ်မြို့ရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ကမ်းခြေဘက်ကမ်းမှာရှိတဲ့ ဘေးက လယ်ယာမြေပေါ်မှာ မြေကြီးတွေ ဖို့ထားတဲ့အတွက်ကြောင့်မို့လို့ မြောင်းတွေပိတ်ပြီးတော့ ရေလျှံနေတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီဘက်ကတော့ တောင်ကို ဖြိုထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်း တောင်ဖြိုချထားတဲ့ကပုံတွေပဲ ဖြစ်ပါတယ်။ ဒါကတော့ ပြည်မြို့နယ်၊ ပေါင်းတလည်ကပုံပဲ ဖြစ်ပါတယ်။ ဒါက ခွင့်ပြုမိန့်မရသေးဘဲ အခိုင်အမာလမ်းတွေဖောက်၊ အုတ်တံတိုင်းတွေ အခိုင်အမာလုပ်ထားတဲ့ပုံတွေပဲ ဖြစ်ပါတယ်။ ဒါကလည်း အခိုင်အမာအဆောက်အဦဆောက်ထားတဲ့ပုံတွေပါ။ အခုနက Power Point မှာ ပြသွားတဲ့ပုံလေးကတော့ ကျွန်မမဲဆန္ဒနယ်နှင့် ပြည်မြို့နယ်၊ ပေါင်းတလည်မြို့အနောက်ပိုင်းက ပုံတွေပဲ ဖြစ်ပါတယ်။ ဒီလိုကိစ္စတွေဟာ တစ်နိုင်ငံလုံးမှာ အများအပြားဖြစ်နေပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာ မြေစာရင်းကနေတစ်ဆင့် စုံစမ်းကြည့်တဲ့အခါမှာ အခုနက တောင်ဖြိုချထားတဲ့ဟာတွေက မြေလွတ်၊ မြေရိုင်းတွေလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ဖော်ပြပါအခြေအနေတွေကို လေ့လာကြည့်လျှင်လည်း လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ရထားခြင်းရှိသူများမှာ အင်မတန်နည်းပါးပါတယ်။ အမှန်တကယ် လူဦးရေတိုးတက်မှုကြောင့် မြို့ကွက်ချဲ့ထွင်ရမည်ဆိုပါကလည်း Town Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် ရေရှည်တွင် စနစ်တကျမြို့ကွက်သစ်များ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ထိုအခါမှသာ ပြည်သူများအနေဖြင့်လည်း လက်လှမ်းမီသောအိမ်ရာဈေးနှုန်း၊ ရေ၊ မီး၊ လမ်း၊ ရေစီးရေလာစနစ်များပါရှိသော မြို့ကွက်များတွင် အဆင်ပြေစွာ နေထိုင်နိုင်မှာဖြစ်ပါတယ်။ ယခုအတိုင်းသာ ဆက်လက်ပြီးတော့ လုပ်ကိုင်နေကြမယ်ဆိုလျှင် လူနေမှုအဆင့်အတန်းမှာလည်း ဆက်လက်နိမ့်ကျနေမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ပတ်သက်ပြီးလည်း အလားအလာမကောင်းနိုင်ပါဘူး။ မီးဘေးအန္တရာယ် ကြုံကြိုက်မည်ဆိုပါကလည်း အလွန်အန္တရာယ်ရှိတဲ့ အနေအထားဖြစ်လာနိုင်ပါတယ်။ ထို့ကြောင့် ဒါတွေကိုအရေးယူဆောင်ရွက်ခြင်းမရှိပါက ထိုတရားမဝင်မြေကွက်များကို ဝယ်ယူမိသော ပြည်သူများမှာ ဆုံးရှုံးနစ်နာမှုတွေကို ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း အခွန်ဘဏ္ဍာမရရှိဘဲ လူနည်းစုအတွက်သာ အကျိုးရှိနေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်အရေးကြီးဆုံးအချက်တွေကတော့ ကျွန်မတို့မြန်မာနိုင်ငံမှာ မြေအမျိုးအစားသတ်မှတ်ချက်အမျိုးမျိုးရှိပြီး စီမံခန့်ခွဲခွင့်နှင့် အခွင့်အာဏာကိုလည်း ဝန်ကြီးဌာနအလိုက်သက်ဆိုင်ရာဥပဒေများဖြင့် စီမံခန့်ခွဲကြပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရပါတယ်။ လယ်ယာမြေကိုလည်း အဲဒီဌာနကပဲ လယ်ယာမြေဥပဒေနှင့်အညီ စီမံခန့်ခွဲပါတယ်။ မည်သည့်နေရာစီမံခန့်ခွဲမှုမဆို အမိန့်တစ်ရပ်လိုအပ်ပါတယ်။ အဆိုပါထုတ်ပြန်ထားသော အမိန့်သည်လည်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဝန်ကြီးဌာနမှထုတ်ပြန်ထားသော အမိန့်ဖြစ်ရပါမယ်။ ထုတ်ပြန်သောအမိန့်သည်လည်း ရုံးလုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုရှိရမည်ဖြစ်ပြီးတော့ မြေတည်နေရာ၊ မြေမျိုး၊ အကိုးအကားဥပဒေ၊ ရည်ညွှန်း၊ အစည်းအဝေးဆုံးဖြတ်ချက် စသည်တို့မှာလည်း မှန်ကန်မှုရှိရပါမယ်။ စီမံခန့်ခွဲမှုမရှိသော ဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အမိန့်သည် စီမံခန့်ခွဲမှုနယ်ပယ်တွင် တရားဝင်မှုမမြောက်ပါ။ ထို့ကြောင့် ကျွန်မတင်ပြသော မြေကွက်များမှာ ထိုသို့ ဥပဒေလုပ်ထုံးလုပ်နည်း မှန်ကန်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ တရားမဝင်အိမ်ရာဖော်ထုတ်မှုများသာ ဖြစ်ပါတယ်။ ဥပဒေနှင့်ညီညွတ်မှုမရှိသော မြေယာစီမံခန့်ခွဲမှုများကို မည်ကဲ့သို့အရေးယူမည်နည်း။ မည်ကဲ့သို့ အရေးယူဆောင်ရွက်မှုများ ရှိနေသည်ကို ကျွန်မမဲဆန္ဒနယ်မြေမှ ပြည်သူများကိုယ်စား တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများမနစ်နာစေရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် မေးတဲ့မေးခွန်းဟာ

ယနေ့ မိမိတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းအပေါ်မှာလည်းပဲ မေးမြန်းပေးတဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒေါ်နီနီမေမြင့်အနေနဲ့ လယ်ယာမြေတွေကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချပေးခြင်းမရှိဘဲနဲ့ အိမ်ခြံကွက်တွေ ဖော်ထုတ်တာ၊ စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်နေသည်ကို မည်ကဲ့သို့ဆောင်ရွက်နေတာကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကာလမှာ နိုင်ငံအလိုက် တိုးပွားလာတဲ့ လူဦးရေအတွက် နေရာထိုင်ခင်းနှင့်အခြားလိုအပ်ချက်တွေကြောင့် မလွှဲမသွေအားဖြင့်တော့ ဒီဟာတွေကို နေထိုင်လုပ်ကိုင်ဆောင်ရွက်သွားနိုင်ဖို့အတွက် နေရာဖော်ထုတ်ဆောင်ရွက်သွားမှုလုပ်ငန်းတွေရှိလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အဆိုပါကိစ္စရပ်တွေကို စီမံဆောင်ရွက်ရတဲ့အနေအထားမျိုးရှိနေပြီဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံအနေနဲ့ ဒီလိုကိစ္စရပ်တွေကိုဆောင်ရွက်တဲ့အခါမှာ တိုးပွားလာတဲ့လူဦးရေအတွက် နေထိုင်မှု၊ နေရာဖော်ဆောင်ပေးရမယ့်ကိစ္စတွေအပေါ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့ပြနဲ့ မြေယာဖွံ့ဖြိုးရေးဦးစီးဌာနတို့က စီမံချက်ချပြီး ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှုရှိပါတယ်။ ယင်းအခြေအနေပေါ်မှာအကြောင်းပြုပြီး ဒေသအသီးသီးမှာ လယ်ယာဥယာဉ်ခြံမြေတွေကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်စွာနဲ့ စည်းကမ်းမဲ့စွာအကွက်ဖော်ရောင်းစားတဲ့ကိစ္စရပ်တွေ၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်လာမှုတွေကို တွေ့ကြုံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအောက်ပိုင်း မြို့နှင့်ကျေးရွာ မြေယာလက်စွဲဥပဒေမှာ မြို့မြေတိုးချဲ့ခြင်းနှင့်စပ်လျဉ်းပြီး အမိန့်ဆင့်ဆိုချက် ၃၄ နဲ့ ၃၅ တို့မှာ စီမံချက်ရေးဆွဲဆောင်ရွက်ဖို့ နည်းလမ်းများ အတိကျပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျေးလက်ဒေသတွေ သို့မဟုတ် မြို့ပြဒေသတွေမှာ တိုးတက်လာတဲ့ လူဦးရေနဲ့ တိုးပွားလာတဲ့အိမ်ထောင်စုတွေအတွက် ရွာမြေ၊ မြို့မြေများတိုးချဲ့ဖို့လိုအပ်မယ်ဆိုလို့ရှိရင် Town Plan ၊ Village Plan တွေကို သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က လိုအပ်တဲ့လုပ်ငန်းကော်မတီတွေဖွဲ့စည်းပြီးတော့မှ စနစ်တကျအစီအမံများ ရေးဆွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းဖြင့်သာလျှင် သတ်မှတ်စံနှုန်းများနဲ့လျော်ညီတဲ့ မြို့သစ်၊ ရွာသစ်များကို ဖော်ထုတ်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးမြေတွေ အလျင်အမြန်လျော့နည်းလာတာ၊ မြေလွတ်တွေပျောက်ဆုံးကုန်တာစတာတွေကို ထိန်းညှိနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေမှာလည်း ယင်းအချက်နှင့်စပ်လျဉ်းပြီး ထည့်သွင်းပြဋ္ဌာန်းထားမှုရှိပါတယ်။ ယင်းဥပဒေပုဒ်မ ၁၉ မှာ စည်းကမ်းချက်များအားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုကိုဖြစ်စေ လိုက်နာမှုပျက်ကွက်ရင် ဘယ်လိုအရေးယူဆောင်ရွက်ရမယ်ဆိုတာ အတိအလင်းပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ တရားဝင်စိုက်ပျိုးမြေအဖြစ်တည်ရှိနေတဲ့ လယ်ယာမြေတွေအပေါ်မှာ အခြားနည်းသုံးခွင့်မရှိဘဲ လူနေအိမ်ရာကွက်များနှင့် အခြားလုပ်ငန်းတွေကျူးကျော်အသုံးပြုမှုနှင့်ပတ်သက်ပြီးတော့လည်းပဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ

ပုဒ်မ ၁၂ မှာလည်းပဲ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရလို့ အတိအလင်း ပြဋ္ဌာန်းထားတဲ့အလျောက် အဲဒီအပေါ်မှာ အခြားနည်းအသုံးပြုမှုကို ဝန်ကြီးဌာနက ခန့်အပ်ရတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စစ်ဆေးပြီးတော့ အခြားနည်းကို ခွင့်ပြုချက်မရဘဲ သုံးမယ်ဆိုရင်တော့ ပြစ်ဒဏ်ချမှတ်ဖွယ်ရှိပါတယ်။ ပြစ်ဒဏ်ချမှတ်မှုအနေနဲ့တော့ သတ်မှတ်ထားတဲ့ဒဏ်ကြေးငွေပေးတာ၊ သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေတာ၊ လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်တာကို နှင်ထုတ်တာနဲ့ ခွင့်ပြုချက်မရှိဘဲ ဆောက်ထားတဲ့ အဆောက်အဦတွေကို ဖယ်ရှားခြင်းစတဲ့ ပြစ်ဒဏ်တွေကနေ တစ်ရပ်ရပ်ကိုပဲဖြစ်စေ၊ တစ်ရပ်ထက်ပိုတဲ့ဖြစ်စေ ပြစ်ဒဏ်များချမှတ်ပြီးတော့ ဆောင်ရွက်သွားဖို့လည်း ဆောင်ရွက်ထားခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပါပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်သွားနိုင်ဖို့နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လယ်ယာမြေပေါ်မှာ အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းမပြုဘဲ လူနေအိမ်ရာကွက်များနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်စေခြင်းမရှိစေဖို့အတွက် မိမိတို့ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးများမှာလည်း ဖြစ်ပေါ်လာနေတဲ့ကိစ္စတွေအလိုက် ထည့်သွင်းဆွေးနွေးပြီး စီမံခန့်ခွဲအရေးယူဆောင်ရွက်ရမှုများလည်း ရှိနေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကလည်း မိမိတို့ဒေသအလိုက် စီမံခန့်ခွဲမှုအဖွဲ့တွေ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ထားမှုရှိတဲ့အလျောက် အခုလိုကိစ္စရပ်တွေမှာ အနီးကပ်ဆက်စပ်စီမံမှုနှင့် ကြီးကြပ်မှုအားကောင်းကောင်းနဲ့ ဆောင်ရွက်သွားဖို့လည်း လိုအပ်တဲ့အခြေအနေဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့လည်း ကျူးလွန်ဆောင်ရွက်မှုတွေအပေါ် တားမြစ်မှု၊ အရေးယူမှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ဖို့အတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့လည်းပဲ အကြောင်းကြားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ခွင့်ပြုမိန့်မရှိတဲ့ လယ်ယာမြေပေါ်မှာ အိမ်ခြံကွက်ဖော်ထုတ်နေမှုနဲ့ အနှစ်သာရတူညီတဲ့ လယ်ယာမြေပေါ်မှာ ဥယျာဉ်ခြံမြေတွေပေါ်မှာ စည်းကမ်းမဲ့ဆောင်ရွက်မှုမရှိစေဖို့ ထိရောက်စွာထိန်းညှိပေးနေတဲ့ အစီအမံတစ်ရပ် အလျင်အမြန်ရေးဆွဲအကောင်အထည်ဖော်ပေးပါဆိုပြီး ဒီအဆိုတစ်ရပ်ကို မွန်ပြည်နယ်အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းကလည်းပဲ ဒီအဆိုကို တင်သွင်းခဲ့ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ အဲဒီတင်သွင်းခဲ့တဲ့အဆိုကို ၂၉-၈-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ (၁၃)ရက်မြောက်နေ့အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကလည်းပဲ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအတည်ပြုတဲ့အဆိုကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိတို့အကောင်အထည်ဖော်နိုင်ဖို့အတွက် မြေအမျိုးအစားအလိုက် စီမံခန့်ခွဲဆောင်ရွက်ရတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်းပြီး အစီအမံတစ်ခု ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်းပဲ တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်နီနီမေမြင့်ရဲ့ လယ်ယာမြေတွေကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချထားပေးခြင်း မရှိဘဲ အိမ်ခြံကွက်များဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတွေကို မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းနဲ့ပတ်သက်၍ သက်ဆိုင်ရာစီမံခန့်ခွဲမှု ပြုရတဲ့အလျောက် အခြားနည်းကို ခွင့်ပြုချက်မရရှိဘဲ သုံးစွဲတဲ့ကိစ္စရပ်တွေမှာ မိမိတို့ရဲ့လယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်တို့က ထိရောက်စွာ တားမြစ်အရေးယူရေးကို ကြီးကြပ်ညွှန်ကြားဆောင်ရွက် လျက်ရှိပါကြောင်းနှင့် စည်းကမ်းမဲ့ဆောင်ရွက်မှုမပြုစေဖို့အတွက် ထိန်းညှိပေးနိုင်မယ့်အစီအမံတစ်ခု ကိုလည်းပဲ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ချမှတ်အကောင်အထည်ဖော်နိုင်ဖို့ စီစဉ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ အခုလို ပြည့်စုံစွာဖြေကြားပေးသွားတဲ့ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ လူဦးရေတိုးပွားလာတဲ့အတွက်ကြောင့် လူဦးရေတိုးပွားလာတဲ့အပေါ်မှာ စနစ်တကျဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ အခုနက ကိစ္စတွေဟာ ကျွန်မမဲဆန္ဒနယ်ပြန်တဲ့အခါတိုင်း သက်ဆိုင်ရာဌာနတွေကို မေးတဲ့အခါတိုင်းမှာ ကျွန်တော်တို့က တားပါတယ်။ တားထားတဲ့ ကြားထဲက ဒီလိုဖြစ်သွားတာပါလို့ ဖြေပါတယ်။ အဲဒီတော့ ဘယ်လိုပုံစံမျိုးနဲ့ တားတာလဲ။ ဒါတွေဟာ ဒီနေ့အထိဖြစ်နေတုန်းပဲလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေနဲ့ ဌာနဆိုင်ရာကြားမှာ ပေါင်းစပ်ညှိနှိုင်းပေးပါတယ်။ ပြည်သူများတိုင်ကြားလာတဲ့အပေါ် မှာ ကျွန်မတို့က ဌာနဆိုင်ရာလုပ်ရမယ့်အလုပ်ကို ဝင်လုပ်လို့မရပါဘူး။ ဒီအခါမှာ မလိုလားအပ်တဲ့ ကိစ္စတွေဖြစ်လာပါတယ်။ ဒါကြောင့် ကျွန်မမေးချင်တာက တာဝန်ရှိတဲ့သူတွေက တာဝန်အရ၊ ဥပဒေ အရ မလုပ်တာကို ဥပဒေအသက်ကိုမဝင်အောင်လုပ်နေတဲ့သူတွေကို ဘယ်လိုမျိုးအရေးယူမှုတွေ ပြုလုပ်သွားမလဲဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်ပြီးတော့ မေးမြန်းအပ်ပါ တယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြား ပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး မိမိပြန်လည်ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အထဲမှာ မိမိတို့ရဲ့ပြဋ္ဌာန်းထားတဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်း တွေအပေါ်မှာ လိုက်နာမှုမရှိဘဲနဲ့ ဒီအားနည်းချက်တွေရှိနေတဲ့အလျောက် ဒီလိုကိစ္စရပ်တွေ ပေါ်ပေါက် တယ်ဆိုတဲ့ဟာကိုလည်း ထောက်ပြသွားတဲ့အနေအထားမျိုးရှိတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ အကယ်၍ မိမိတို့ ဒီကိစ္စအပေါ်မှာ ဥပဒေကြောင်းအရ ဆောင်ရွက်နိုင်ဖို့အတွက် အားနည်းချက်ရှိပြီး တော့သော်လည်းကောင်း၊ ဆောင်ရွက်ခြင်းမရှိသော်လည်းကောင်း ဖြစ်ပေါ်လာပါက မိမိတို့ဝန်ကြီး ဌာနကို တိုက်ရိုက်တိုင်ကြားဆောင်ရွက်ပေးပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည်

ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအပေါ် မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၄၅ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၄၅ မိနစ်ခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၃း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၇-၁၂-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ လွှမ်းမိုးနေတဲ့အယူအဆကြီးသုံးခု ရှိပါတယ်။ တစ်ခုကတော့ Global Village ဆိုတဲ့အယူအဆပါ။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ခုလိုဖြစ်လာပြီ။ ကျဉ်းမြောင်းလာနေပြီ။ တောင်ပိုင်းကဖြစ်တဲ့ဟာ မြောက်ပိုင်းကသိတယ်။ မြောက်ပိုင်းကဖြစ်တဲ့ဟာကို တောင်ပိုင်းက စက္ကန့်မဆိုင်းသိတယ်။ အကြားအလတ်မရှိတော့ဘူးဆိုတဲ့သဘောပါ။ နောက်တစ်ခုကတော့ Globalization ဆိုတဲ့အယူအဆပါ။ ကမ္ဘာပြုဖြစ်စဉ်ဆိုတဲ့အယူအဆပါ။ အဲဒီတော့ ကျွန်တော်တို့ လူသားတွေ နိုင်ငံတွေဟာ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်

ဖြစ်စေ ဒီဖြစ်စဉ်ကြီးထဲမှာ ပါဝင်နေကြတယ်။ ဒါကြောင့်မို့လို့ Globalization နဲ့ Flexible ဖြစ်အောင် နေနိုင်ရင် ကျွန်တော်တို့ဟာ မျိုးတုံးသွားနိုင်တယ်။ တစ်ခေတ်တစ်ခါက ဒိုင်နိုဆောတွေလို မျိုးတုံးသွား နိုင်တယ်ဆိုပြီး ယူဆပါတယ်။ နောက်တတိယတစ်ခုကတော့ ကျွန်တော်တို့ Globalization ပြီးတော့ တတိယတစ်ခုကတော့ Digital Age the Wallet Flat ဆိုတဲ့အယူအဆပါ။ ကမ္ဘာကြီးဟာ ပြားသွားပြီ ဆိုတဲ့အယူအဆပါ။ Digital Age မှာ ကမ္ဘာကြီးဟာအနိမ့်အမြင့်မရှိတော့ဘူး။ ကမ္ဘာကြီးရဲ့ Landscape ပါ တစ်ညီတည်းဖြစ်နေပြီ။

လူတွေဟာ ကိုယ့်ကိုယ်ကို၊ နိုင်ငံတွေဟာ ကိုယ့်ကိုယ်ကို Capacity လုပ်နိုင်လို့ရှိရင် ဘယ်သူ့ ကိုမှမော့ကြည့်စရာ မလိုတော့ဘူးဆိုတဲ့ အယူအဆပါ။ အဲဒီတော့ အဲဒီအယူအဆသုံးခုအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာကို လေ့လာသုံးသပ်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးကတော့ ဒီကော်မတီရဲ့လုပ်ငန်း တာဝန်တွေမှာ ငါးခုဖော်ပြထားပါတယ်။ ဒါပေမဲ့ အဓိကကတော့ (က) နဲ့ (ခ) ပဲကော်မတီရဲ့ Specific Duty လို့ခေါ်နိုင်တဲ့ သူ့ဒီကော်မတီတစ်ခုတည်းပဲလုပ်ရမယ့်တာဝန်နှစ်ခု ရှိပါတယ်။ (က)နှင့်(ခ)ပါ။ နောက်တစ်ခုကတော့ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေ ဒီမှာပဲ ဆောင်ရွက်ချက်ကိုးခု ဖော်ပြ ထားပါတယ်။ သို့သော်လည်း (ဂ)၊ (င)၊ (စ)ဒီသုံးခုသာလျှင် ဒီနိုင်ငံတကာဆက်ဆံရေးကော်မတီက အဓိကထားပြီးတော့ ဆောင်ရွက်ရမယ့် ရည်ရွယ်ချက်တွေ၊ တာဝန်တွေဖြစ်ပါတယ်။ နောက်တစ်ခါ ကော်မတီက တာဝန်စစ်ဆေးရတဲ့ဥပဒေလေးခု ဒါတွေကတော့ ကော်မတီက သီးသန့်တာဝန်ယူ ပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ ဒါတွေကိုလည်း ဖော်ပြထားပါတယ်။

နောက်တစ်ခုကတော့ ဝန်ကြီးဌာနတွေကို ဖိတ်ကြားဆွေးနွေးမေးမြန်းမှုတွေ ပြုလုပ်တဲ့အခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ လုပ်ငန်းခြောက်ခု ဒါဟာလည်း ဒီကော်မတီကပဲ သီးခြားလုပ် ဆောင်လို့ရတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒီကော်မတီကလုပ်တဲ့လုပ်ဆောင်ချက်တွေကိုလည်း ဖော်ပြထား တာတွေ့ရတဲ့အတွက် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ နောက်အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမျက်မှောက်နိုင်ငံတကာဆက်ဆံရေးအပေါ် လေ့လာသုံးသပ်ချက်တွေ ဒီအပေါ်မှာ ဆောင်ရွက်တဲ့အခါမှာ ဒီ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)အထိ ဒီဟာတွေဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ အသေးစိတ်ဖော်ပြထားတာတွေ့တဲ့ အတွက် ဒီလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ လေ့လာဆန်းစစ်သုံးသပ်ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါ (ဆ)မှာကတော့ ကျွန်တော်တို့ ခါးပတ်တစ်ကွင်း လမ်းတစ်စင်းပေါ့ One Belt One Roat အစီအစဉ် ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတဲ့အပိုင်းတွေကို လေ့လာသုံးသပ်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက် (ခ) ကတော့ လုံးတွေဂရန့်တွေပါ။ အဲဒီတော့ ဒါတွေဟာလည်း မြန်မာနိုင်ငံအပေါ်မှာ လာချေးတဲ့ ချေးငွေ တွေ ရတဲ့ဂရန့်တွေ ဒါတွေနဲ့ပတ်သက်ပြီး သုံးသပ်ဖော်ပြထားတဲ့အတွက် ကော်မတီရဲ့အစီရင်ခံစာဟာ ဒါပြည့်စုံလုံလောက်မှုရှိပါတယ်။

ဒီမှာ ကျွန်တော်တို့အနေနဲ့ကတော့ နှစ်ခုလောက် ဖြည့်ဆည်းနိုင်မယ်ဆိုလို့ရှိရင်တော့ ပိုကောင်း မယ်ထင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဒီနှစ်တွေအတွင်းမှာဖြစ်သွားတဲ့ တရုတ်နိုင်ငံ အမေရိကန်

ကုန်သွယ်ရေးစစ်ပွဲပါ။ ဒီစစ်ပွဲက ကျွန်တော်တို့နိုင်ငံအပေါ်အများကြီး သက်ရောက်မှုရှိပါတယ်။ ဒေါ်လာဈေးအပေါ် အများကြီးသက်ရောက်မှုရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအပေါ် အများကြီးသက်ရောက်မှုရှိပါတယ်။ ဒီအချက်လေးကို ထည့်သွင်းဖော်ပြနိုင်မယ်ဆိုရင် ကောင်းပါတယ်။ နောက်တစ်ခုကတော့ ထူးခြားတဲ့အချက်လေးက US-မြောက်ကိုရီးယားဆက်ဆံရေးမှာ တိုးတက်လာတာ ဒါတွေက ကျွန်တော်တို့ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံအတွက်လည်း သက်ရောက်မှုရှိနိုင်ပါတယ်။ အခြားသော ကိစ္စတွေလည်း ဖော်ပြနိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ကောင်းမှာပါ။ ဥပမာ- US ကနေ ပြီးတော့ ရာသီဥတုစာချုပ်ကနှုတ်ထွက်တာ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က နှုတ်ထွက်တာ ဒီလိုအချက်တွေကလည်း ထည့်သွင်းပြီးဖော်ပြနိုင်မယ်ဆိုရင်တော့ ကမ္ဘာပေါ် Impact ဖြစ်သလို ကျွန်တော်တို့နိုင်ငံကို ပို Impact ဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့သုံးသပ်နိုင်မှာပါ။

နောက် ဒီမှာအကြံပြုချက်တွေကတော့ အကြံပြုချက်တွေခုနစ်ခုလောက်ဖော်ပြထားပါတယ်။ ကျွန်တော်က ဒီအကြံပြုချက်တွေကလည်း ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကော်မတီပေါ်မှာ သီးခြားအကြံပြုချင်တာကတော့ ဒီကော်မတီဟာ နိုင်ငံတကာနဲ့ဆက်ဆံနေရတဲ့အခါ နိုင်ငံတကာကိစ္စတွေနဲ့ပတ်သက်ပြီးတော့ သီးခြား Specialize အုပ်စုလေးတွေခွဲပြီးတော့ ASEAN Specialize၊ EU Specialize၊ US Specialize အဲဒါမျိုးတွေကို သေသေချာချာအဖွဲ့ဖွဲ့ပြီးတော့ Team ဖွဲ့ပြီးတော့ လုပ်သင့်ပါတယ်။ နောက်တစ်ခုက နိုင်ငံတကာနဲ့ဆက်ဆံနေရတဲ့အတွက် နိုင်ငံတကာဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ရှိဖို့နဲ့ Intensive Study လုပ်ဖို့အတွက် အဲဒီကော်မတီဝင်တွေလုပ်ဖို့အတွက်ကို ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့တိုင်ပင်ပြီးတော့ လုပ်ပေးမယ်ဆိုလို့ရှိရင် ပိုကောင်းမယ်ဆိုတာကို အကြံပြုရင်းနဲ့နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်စိုးလွင် ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးကျော်စိုးလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်စိုးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏အစီရင်ခံစာအပေါ် အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ၏စာပိုဒ် ၈ တွင် ကော်မတီ၏လုပ်ငန်းတာဝန်ငါးခုအား ခြောက်ခုမြောက်အနေဖြင့် မြန်မာနိုင်ငံတော်အစိုးရ၏ UN ၊ NGO ၊ INGO များနှင့် ဆက်ဆံဆောင်ရွက်မှုများ ပူးတွဲလုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ အကြံပြုခြင်း လိုအပ်ပါက အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဟု လုပ်ငန်းတာဝန်အသစ်ထပ်မံဖြည့်စွက်သင့်ပါတယ်။ အစီရင်ခံစာ၏ စာပိုဒ် ၉ လုပ်ငန်းဆောင်ရွက်ချက်များအပိုင်း စာပိုဒ်ခွဲ(ဃ)တွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများဖိတ်ကြား၍ ၎င်းတို့၏ တင်ပြချက်များကို ဆွေးနွေးမေးမြန်းခြင်း၊ သုံးသပ်ဝေဖန်ခြင်းများပြုလုပ်ခြင်းဟု ဖော်ပြထားရာ

ကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံမှုအခြေအနေအား ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် အဆိုပါဝန်ကြီးဌာနနှင့် နီးကပ်စွာထိတွေ့ဆက်ဆံရန်လိုအပ်ပါတယ်။ အစီရင်ခံစာ၏ စာပိုဒ် ၃၀ အကြံပြုချက်အပိုင်းတွင် နိုင်ငံခြားရေးမူဝါဒ၊ ရခိုင်ပြည်နယ်ရေးကိစ္စ၊ OBOR စီမံကိန်းကိစ္စ၊ AIPA ၊ IPU ကိစ္စရပ်များ၊ အစည်းအဝေးကိစ္စရပ်များ၊ နိုင်ငံတကာစာချုပ်စာတမ်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုချက်များပါဝင်တာကို တွေ့ရှိရပါတယ်။

အထက်ပါ ဖော်ပြပါ အကြံပြုချက်များအပြင် ကော်မတီအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို အပြုသဘောအနေဖြင့် အကြံပြုတင်ပြလိုပါတယ်။ မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသော်လည်း အင်အားကြီးနိုင်ငံတချို့က ၎င်းတို့ရဲ့နိုင်ငံခြားရေးမူဝါဒနှင့် မြန်မာ့နိုင်ငံခြားရေးမူဝါဒများကိုအသုံးချကာ မိမိတို့နိုင်ငံ၏ အရေးကိစ္စများကို ဝင်ရောက်စွက်ဖက်နေမှုများရှိလာသည့်အခါတိုင်းအချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ပြီး လေလာတွေ့ရှိချက်များကို လွှတ်တော်သို့ အခါအားလျော်စွာ ရှင်းလင်းတင်ပြသင့်ပါတယ်။ ကော်မတီမှ ရခိုင်ပြည်နယ်အရေးကိစ္စတွင် UN ၊ NGO ၊ INGO ကိစ္စများ၏ ဝင်ရောက်စွက်ဖက်မှုများကို အလေးထားပြီး အသေးစိတ်လေ့လာတွေ့ရှိချက်များကို အခါအားလျော်စွာ အစီရင်ခံစာထုတ်ပြန်၍ လွှတ်တော်သို့တင်ပြသင့်ပါတယ်။ Internal Data Time Line၊ External Data Time Line များကိုပြုစုထားကာ အချိန်နှင့်တစ်ပြေးညီသုံးသပ်လျက် တုံ့ပြန်သင့်သည်များကို ဆောင်ရွက်ရန် အင်အားကြီးနိုင်ငံနှင့် တချို့နိုင်ငံများမှ မိမိနိုင်ငံအပေါ် ဖိအားပေးမှုများ မဟုတ်မမှန်သတင်းထုတ်လွှင့်ပြောဆိုမှုများကို ကော်မတီအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပြန်လည်တုံ့ပြန်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များတွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ယင်းနိုင်ငံ၏လွှတ်တော်မှ တာဝန်ရှိသူများ သို့မဟုတ် နိုင်ငံတကာဆက်ဆံရေးကော်မတီများအချင်းချင်း တွေ့ဆုံကာတိကျမှန်ကန်သော သတင်းအချက်အလက်များ၊ ပြည်နယ်၏နောက်ခံသမိုင်းကြောင်းတို့ကို အမြဲတမ်းရှင်းလင်းပြောဆိုမှုများဆောင်ရွက်သင့်ပါတယ်။ ကော်မတီ၏အကြံပြုချက်စာပိုဒ် ၃၀ စာပိုဒ်ခွဲ(ဆ)တွင်နိုင်ငံရဲ့နိုင်ငံတကာစာချုပ်စာတမ်းဆိုင်ရာကိစ္စရပ်များကို လွှတ်တော်သို့တင်သွင်းသောအခါ နိုင်ငံတကာဆက်ဆံရေးရှုထောင့်အနေဖြင့် ပြည့်စုံစွာလေ့လာသုံးသပ်နိုင်ရန်အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ကြိုတင်အချိန်ယူအသိပေးသင့်ကြောင်း အကြံပြုအပ်ပါသည်ဟု ဖော်ပြထားပါတယ်။ ထိုကိစ္စမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ နှင့် ၆၀ တို့တွင်ပြဋ္ဌာန်းထားရာ ပြည်ထောင်စုလွှတ်တော်နှင့်သက်ဆိုင်သောကိစ္စရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ရှိ ကော်မတီများတွင် ဆောင်ရွက်ခွင့်မရှိဘဲ ပြည်ထောင်စုလွှတ်တော်ရှိ ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခုက ကြိုတင်လေ့လာသုံးသပ်သင့်သော ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

ထိုအကြံပြုချက်ဖြစ်တဲ့ နိုင်ငံတကာစာချုပ်စာတမ်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတကာဆက်ဆံရေးနှင့် စပ်လျဉ်းသော ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းကာ ဆောင်ရွက်မှသာလျှင် လွှတ်တော်ဆိုင်ရာ

နည်းဥပဒေများနှင့် ညီညွတ်မည်ဖြစ်ပါတယ်။ ယခုလို နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့်ပတ်သက်၍ အပြုသဘောဆန်သည့် အကြံပြုချက်များတင်ပြရခြင်းမှာ လွှတ်တော်များတွင်ဖွဲ့စည်းထားသော ကော်မတီများသည် လွှတ်တော်အငယ်စားများဖြစ်ပါတယ်။ ကော်မတီများ၏ ဆောင်ရွက်ချက်များမှာ ပိုမိုခိုင်မာအားကောင်းကာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လွှတ်တော်၏ ဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာပြီး ပြည်သူလူထုလိုလားသည့် ဒီမိုကရေစီစနစ်ပိုမိုရှင်သန်လာစေရန်ရည်ရွယ်၍ ယခုလိုအကြံပြုချက်များကို တင်ပြရခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ အပြုသဘောအကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အင်အားတောင့်တင်းခိုင်မာမှုကို တွက်ချက်တဲ့ National Power Index မှာ နိုင်ငံတော်ကာကွယ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးစတဲ့ ကဏ္ဍအသီးသီးများ ပါဝင်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဥပဒေပြုရေးဇက္ကိုင်ဖြစ်တဲ့ လွှတ်တော်ပိုင်းမှ ဆောင်ရွက်ရာမှာ နိုင်ငံတကာဆက်ဆံရေးကော်မတီဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်လျက်ရှိပါတယ်။ နိုင်ငံအချို့မှာရှိတဲ့ လွှတ်တော်များရဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီများ ဖွဲ့စည်းတဲ့အခါမှာ လုပ်ငန်းတာဝန်အရသော်လည်းကောင်း၊ ကမ္ဘာ့ပထဝီဒေသ အသီးသီးကို ပိုင်းခြား၍သော်လည်းကောင်း ဆက်ကော်မတီများ ဖွဲ့စည်းကာဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် မိမိတို့လွှတ်တော်ရဲ့နိုင်ငံတကာဆက်ဆံရေးကော်မတီအနေဖြင့်လည်း ဆက်ကော်မတီများ ဖွဲ့စည်းခွင့်ရှိပါက ဖွဲ့စည်း၍သော်လည်းကောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အဖွဲ့များ ဖွဲ့စည်း၍သော်လည်းကောင်း၊ နိုင်ငံတကာနှင့်ဆက်ဆံရေးနှင့်စပ်လျဉ်းတဲ့ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါတယ်။ အမြဲတမ်းကော်မတီများမဟုတ်တဲ့ အခြားကော်မတီများရဲ့လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ ပိုမိုအားကောင်းလာစေရန်လိုအပ်ပါက လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ကာ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို တိကျစွာသတ်မှတ်ပေးထားသင့်ပါတယ်။ အပိုဒ် ၂၉ မှာ မြန်မာနိုင်ငံရဲ့ မျက်မှောက်နိုင်ငံတကာဆက်ဆံရေးအပေါ် လေ့လာသုံးသပ်ချက်များတင်ပြထားပါတယ်။ မြန်မာနိုင်ငံနှင့်အခြားနိုင်ငံအချို့ရဲ့ ဆက်ဆံရေးအခြေအနေများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့တာပေမဲ့ ယေဘုယျသဘောဆန်နေတာကိုတွေ့ရပါတယ်။ အချို့နိုင်ငံတွေရဲ့ ဆောင်ရွက်ချက်များဟာ အခြားနိုင်ငံများအပေါ်မှာ လွှမ်းမိုးလိုခြင်း၊ ၎င်းတို့ရဲ့မူဝါဒများကို အသက်သွင်းလိုခြင်းနှင့် ထိန်းချုပ်လိုခြင်းစတဲ့ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်များမှာရှိတဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီဟာ ထိုအချက်များကို အလေးထားစောင့်ကြည့်သင့်ပါတယ်။ ၎င်းနိုင်ငံများက မြန်မာနိုင်ငံနှင့်ပတ်သက်တဲ့ ဆောင်ရွက်

ချက်များကို နိုင်ငံအလိုက်ဦးစားပေး အစီအစဉ်များသတ်မှတ်ကာ မိမိတို့နိုင်ငံအပေါ် သက်ရောက်လာနိုင်မှုအတိုင်းအတာပေါ် မူတည်၍ လိုအပ်ပါက အကြံပြုသုံးသပ်ချက်များကို လွှတ်တော်သို့ တင်သွင်းသင့်ပါတယ်။ နိုင်ငံအချို့ရဲ့ လွှတ်တော်များမှာ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ခိုင်မာမှုမရှိတဲ့ အချက်အလက်များ၊ မှန်ကန်မှုအားနည်းတဲ့ ဝါဒဖြန့်သတင်းများအပေါ်မူတည်ကာ အခြေအတင် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာအစိုးရအား တိုက်တွန်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရေငုံနှုတ်ပိတ်မနေဘဲ မိမိတို့ လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီမှတစ်ဆင့် ထိုကိစ္စများအပေါ် အမြဲတမ်းစောင့်ကြည့်လေ့လာသုံးသပ်၍ နိုင်ငံတော်အကျိုးစီးပွားအတွက် လိုအပ်ပါက ပြန်လည်ရှင်းလင်းချေပခြင်းများ၊ ကန့်ကွက်ခြင်းများ ပြန်လည်ပြုလုပ်သင့်ပါတယ်။ ကော်မတီအနေဖြင့် ကမ္ဘာပေါ်မှာ လတ်တလောဖြစ်ပေါ်လျက်ရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကိစ္စရပ်များအနက် မိမိတို့နိုင်ငံအပေါ်သက်ရောက်မှုဖြစ်ပေါ်လာနိုင်တဲ့အခြေအနေများနှင့်စပ်လျဉ်းပြီး သုံးသပ်ချက်များ၊ အကြံပြုချက်များ၊ တိုက်တွန်းချက်များကို ပြုစုကာ အရေးကြီးပါက အချိန်နှင့်တစ်ပြေးညီ လွှတ်တော်သို့ တင်ပြသင့်ပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် ၃၀ အပိုဒ်ခွဲ(ဆ)မှာ နိုင်ငံတကာစာချုပ်စာတမ်းများ ကိစ္စရပ်များကို ပြည့်စုံစွာလေ့လာသုံးသပ်နိုင်ရန် ကော်မတီသို့ ကြိုတင်အချိန်ယူ သတိပေးသင့်ကြောင်း အကြံပြုထားပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကိစ္စများမှာ နိုင်ငံတကာမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများပါဝင်တဲ့ ကိုဖီအာနန်ဦးဆောင်သည့် ကော်မရှင်ကဲ့သို့သော ကော်မရှင်များဖွဲ့စည်းရန်အတွက် လွှတ်တော်သို့ တင်ပြလာပါက ထိုကိစ္စမျိုးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတကာဆက်ဆံရေးကော်မတီက ကြိုတင်လေ့လာသုံးသပ်လျက် တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနအပြင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကိုပါ ထပ်မံဖွဲ့စည်းထားသဖြင့် နိုင်ငံတကာနှင့်ဆက်ဆံနေရတဲ့ဝန်ကြီးဌာနများရဲ့ လုပ်ငန်းဆောင်ရွက်မှုများ၊ ရောထွေးမှုမရှိစေရေးနှင့် လိုအပ်ချက်များရှိပါက ထောက်ပြအကြံပြုတိုက်တွန်းရန် နိုင်ငံတကာဆက်ဆံရေးကော်မတီက ဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြရသော် နိုင်ငံတကာရှိလွှတ်တော်အချို့၏ ကော်မတီများမှာ အချိန် ၂ နှစ်ခန့်အထိ စောင့်ရင်းနဲ့ Oversight Plan များကို ရေးဆွဲထားရှိဆောင်ရွက်တာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတကာဆက်ဆံရေးကိစ္စများကို ဆောင်ရွက်ရန် ကော်မတီအနေဖြင့်လည်း Oversight Plan တစ်ရပ်ရေးဆွဲထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့လုပ်ငန်းတာဝန်များကို ကျယ်ကျယ်ပြန့်ပြန့်ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းအားဖြင့် လွှတ်တော်အသံ၊ ပြည်သူ့အသံ၊ နိုင်ငံတကာအထိ ထိုးဖောက်ပျံ့နှံ့နိုင်မှာဖြစ်ပြီး UN အပါအဝင် နိုင်ငံအချို့နှင့် လွှတ်တော်တစ်ချို့တို့ရဲ့ အထင်အမြင်လွဲမှားစွာဆောင်ရွက်နေမှုများကို အတိုင်းအတာတစ်ခုအထိ ပြန်လည်တုံ့ပြန်နိုင်မှာဖြစ်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားရှေးရှုလျက် အပြုသဘောဖြင့် အကြံပြုရင်း နဂိုးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဇော်သိန်း(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်း ဖြစ်ပြီး ကော်မတီဝင်များရဲ့ကိုယ်စား၊ ဒီမေးခွန်းရှင်များရဲ့ဆွေးနွေးချက်ကို ကျွန်တော် ပြန်ပြီးတော့ ကော်မတီဝင်များရဲ့ကိုယ်စား ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့ ကော်မတီရဲ့အစီရင်ခံစာကို စိတ်ပါဝင်စားစွာနဲ့ အပြုသဘောအကြံပြုဆွေးနွေးတာကို အထူးပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်လို့ ကျွန်တော်က ရှေးဦးစွာပြောပါရစေ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်လွင်က အယူအဆသုံးရပ်အပေါ် မူတည်ပြီးတော့ ဆွေးနွေးသွားတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ဆရာဦးမြင့်လွင် ဆွေးနွေးသွားတဲ့အတိုင်း ကျွန်တော်တို့က လက်ရှိအခြေအနေတွေကို မျက်ခြေမပြတ်ကြည့်ရှုပြီးတော့ အခုဖြစ်ပျက်နေတဲ့ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲ၊ နောက်ပြီးတော့ အမေရိကန်နှင့် မြောက်ကိုရီးယားတို့ရဲ့တိုးတက်ပေါ်ထွန်းလာတဲ့ ဆက်ဆံရေးကိုလည်း ကျွန်တော်တို့အမြဲမပြတ်စောင့်ကြည့်နေပါတယ်။ တရုတ်နှင့်အမေရိကန်ရဲ့ ကုန်သွယ်ရေးစစ်ပွဲဟာ တစ်ယောက်နှင့်တစ်ယောက်အလျှော့မပေးဘဲနဲ့ ဖြစ်နေပြီးတော့ ပြီးခဲ့တဲ့ G-20 မှာ နှစ်ဦးသဘောတူကြပေမဲ့ မကြာသေးခင်မှာပဲ Huawei CS 4 ကို အမေရိကန်က အရေးယူဆောင်ရွက်လိုက်တဲ့၊ အခုပြန်ပြီးတော့ အခြေအနေဟာတင်းမာနေတယ်လို့ ကျွန်တော်က တင်ပြပါရစေ။ အဲဒီတော့ အကြံပြုချက်တွေမှာပါတဲ့ကိစ္စတွေလည်း ကျွန်တော်တို့ကအတတ်နိုင်ဆုံး ဆောင်ရွက်ပါမယ်။ နိုင်ငံတကာနှင့်ပတ်သက်ပြီးတော့ အဖွဲ့လေးတွေဖွဲ့ပြီးတော့ လေ့လာဖို့၊ နောက်ပြီးတော့ အင်္ဂလိပ်စာနှင့်ပတ်သက်ပြီးတော့လည်း ပိုပြီးတော့ တိုးတက်ဖို့ကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုနဲ့ ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဗိုလ်မှူးကြီးကျော်စိုးလွင်ရဲ့အကြံပြုဆွေးနွေးချက်ကိုလည်း ကျွန်တော်တို့က ကြိုဆိုပါတယ်။ နိုင်ငံခြားအရေးကိစ္စတွေပေါ်လာရင် လွှတ်တော်ကို အခြားအားလျော်စွာ အစီရင်ခံဖို့ဆိုတာလည်း တော်တော်လေးသင့်မြတ်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့က လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်ကို ယူပြီးတော့ ဆောင်ရွက်ပါမယ်။ နောက် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ပြောသွားတဲ့ အပြုသဘော အကြံပြုဆွေးနွေးချက်တွေဟာလည်း တော်တော်လေးကောင်းပါတယ်။ ဒီ ဆပ်ကော်မတီလေးတွေ ဖွဲ့စည်းပြီးတော့ ဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖို့ဆိုတာ ဒါကိုလည်း ကျွန်တော်တို့က လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်ယူပြီးတော့ ဒီဆပ်ကော်မတီလေးတွေ ဖွဲ့သွားပါမယ်။ ဖွဲ့ပြီးတော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးအကြံပြုတဲ့အကြောင်းအရာတွေနဲ့ ကိစ္စတွေကိုလည်း ကျွန်တော်တို့က လွှတ်တော်ကိုအစီရင်ခံနိုင်ဖို့ ကြိုးစားမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြချင်တာက Oversight Plan ဆိုတဲ့ကိစ္စဟာ တော်တော်လေးကို ကောင်းပါတယ်။ ဒီ Oversight Plan နဲ့ပတ်သက်ပြီးတော့ နောက်လွှတ်တော်ပြန်ပြီးတော့ ကျင်းပတဲ့အခါမှာ ကျွန်တော်တို့ကော်မတီအနေနဲ့ အထူးအစည်းအဝေးတစ်ရပ်ခေါ်ပြီးတော့ Oversight Plan ကို ကျွန်တော်တို့ဆွဲပါမယ်။ ရေးဆွဲပြီးရင်လည်း လွှတ်တော်ဥက္ကဋ္ဌကြီးဆီ တင်ပြပြီးတော့ ဒီ Oversight Plan အတွင်း ကျန်ခဲ့တဲ့လွှတ်တော်သက်တမ်းမှာ အောင်မြင်အောင်ဆောင်ရွက်ပြီးတော့ နိုင်ငံတကာ

ဆက်ဆံရေးကော်မတီရဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်မယ်လို့ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် တည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဘိုဘိုဦး(အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်ဖြစ်သူ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယနေ့ (၁၇)ရက်မြောက်နေ့တွင် ကိုယ်စားလှယ်သုံးဦးမှ အကြံပြုဆွေးနွေးခဲ့ကာ ကော်မတီမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၇-၁၂-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(အတွင်းရေးမှူး၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကို တင်သွင်းအစီရင်ခံခဲ့တဲ့ ကျွန်တော်တို့ကော်မတီရဲ့ ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးကနေပြီးတော့ လက်ခံအတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်နည်းဥပဒေ ၉၁(ဃ)အရ ကျွန်တော့်အနေနဲ့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို ၁၇-၉-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၁၂-၁၁-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လေးစားစွာ တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

**မူကြမ်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၄၀၅

ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဒီ ဇင် ဘာ လ  ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၇-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၅၄၂

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၈-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၇-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာနဲ့ ပေးပို့လာပါတယ်။

၂။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံပြီးတော့ ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် မြို့၊ ရက်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များကိုတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြား သတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတုအခြေအနေအရလည်းကောင်း၊ သဘာဝဘေး

**မူကြမ်း**

အန္တရာယ်ကြောင့်လည်းကောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၇-၁၂-၂၀၁၈ ရက်(တနင်္လာနေ့)နှင့် ၁၈-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ ပြင်ဆင်ရန် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်များနဲ့ ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်ရှင်။

၄။ သို့ဖြစ်ပါ၍ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ဂ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၄၀၅

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဒီ ဇင် ဘာ လ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၇-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၈-၅၄၂

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်၌ ၂၃-၈-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၇-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် မြို့၊ ရက်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြား သတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတုအခြေအနေအရလည်းကောင်း၊ သဘာဝဘေး

အန္တရာယ်ကြောင့်လည်းကောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၂-၂၀၁၈ ရက် တနင်္လာနေ့နှင့် ၁၈-၁၂-၂၀၁၈ ရက် အင်္ဂါနေ့တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းတွင် အခန်း(၈)ခန်းနှင့် အပိုဒ် ပေါင်း ၂၉ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၃၅)ချက်ကို သဘောတူ လက်ခံပါသည်။

(ဂ) အခန်း(၁) အပိုဒ် ၂ တွင် ပါရှိသော သတ်မှတ်သည့် နေ့ရက်တွင်ဆိုသည့် စကားရပ်ကို သတ်မှတ်သည့်နေ့တွင်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့်(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) မြေတိုင်းမှတ်တိုင်သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ဆိုသည်မှာ နယ်နိမိတ် ကြပ်မတ်ရေးအရာရှိက မြေတိုင်းတာရာနေရာများကိုသော်လည်းကောင်း၊ မြေတိုင်းတာရာ အမှတ်အသားများကိုသော်လည်းကောင်း ယင်းမြေ နယ်နိမိတ်ပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ မြေကြီးပေါ်၌ သို့မဟုတ် မြေကြီးအတွင်း၌ မြှုပ်နှံစိုက်ထူ တည်ဆောက်ထားသည့် အုတ်တိုင်၊ ကျောက်တိုင်၊ အခြားတိုင်တစ်မျိုးမျိုး သို့မဟုတ် ပွှန်ကိုသော်လည်းကောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သို့မဟုတ် မြေတိုင်းတာ သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ဖော်ပြရန် သို့မဟုတ် ညွှန်ပြရန်ချမှတ်ထားသည့် မြေပြင်အမှတ်အသား တစ်ခုခုကိုသော် လည်းကောင်းဆိုသည်။

(ခ) စာချုပ်စာတမ်း ဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို မှတ်သားအသုံး ပြုရန် ကြံရွယ်၍ စာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ တစ်နည်းထက်ပိုသော နည်းများဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသား

**မူကြမ်း**

တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် သေတမ်းစာ၊ တရားရုံး ဒီကရီနှင့် အမိန့်၊ သဘောတူချုပ်ဆိုသည့် ကတိစာချုပ်၊ ခံဝန်ချုပ်နှင့် အခြားစာတမ်း အမှတ်အသားတစ်ခုခုတို့လည်း ပါဝင်သည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)နှင့်(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ ဆိုသည်မှာ ဤဥပဒေအရ နယ်နိမိတ်တိုင်း တာပိုင်းခြား သတ်မှတ်ရာတွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင် စိုက်ထူနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(င) နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြား သတ်မှတ်ထားသည့် နယ်နိမိတ်ကို စိစစ်ပိုင်းခြား သတ်မှတ်ပေး နိုင်ရေးအတွက် တာဝန်ပေးအပ် ခြင်းခံရသူကို ဆိုသည်။

(စ) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က)နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊မြို့၊ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်၊

(ဆ) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဂ) တိုင်းတာပိုင်းခြား သတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်တို့အား ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့် သော်လည်းကောင်း ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ် ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်။

(ဇ) အခန်း(၃)အပိုဒ် ၆ အပိုဒ်ခွဲ(က)နှင့် (ခ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ အောက်ပါမြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း များကို ဆောင်ရွက်ရာတွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး သည့်မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ နယ်နိမိတ်များ၊

(ခ) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများအတွင်းရှိ ကွင်း သို့မဟုတ် အကွက်များ၏ နယ်နိမိတ်များ၊

(ဈ) အပိုဒ် ၇ အပိုဒ်ခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၏ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေ အတွင်းရှိကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်းကိစ္စရပ်သော်လည်းကောင်း၊ ပြည်ထောင်စု နယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့များ၌ မြို့မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်လျှင်သော်လည်း ကောင်း မြေပြင်ကွင်းဆင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ် ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိများကို ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သောသူသည် အောက်ပါ အကြောင်းကိစ္စများ ပေါ်ပေါက်ပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးနောက် မြေပြင် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန် ပေးအပ်နိုင်သည်-

(ည) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)ကို အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ဂ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သောသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့အတွင်းရှိ မြို့မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စ ပေါ်ပေါက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာပါက မြေပြင်ကွင်းဆင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်-

(ဋ) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) ပုဒ်မခွဲ(က)၊ (ခ) သို့မဟုတ် (ဂ) အရ တာဝန်ပေးအပ်ရာတွင် -

**မူကြမ်း**

(၁) နယ်နိမိတ်ကြပ်မတ်ရေး အရာရှိအဖြစ် အရာရှိ မြေတိုင်းသင်တန်း သို့မဟုတ် တန်းမြင့်မြေတိုင်းသင်တန်း တက်ရောက်အောင်မြင်ပြီး ဖြစ်သည့် သက်ဆိုင်ရာမြို့နယ်၌ လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးကိုသော်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေး မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှူးကိုသော်လည်း ကောင်း တာဝန်ပေးအပ်ရမည်။

(၂) နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် ပါကသက်ဆိုင်ရာ မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

(ဌ) အခန်း (၄) အပိုဒ် ၈ ခြေဆင်းကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(ဍ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၈ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လူပုဂ္ဂိုလ်ဆိုသည့်စကားရပ်ကို ပုဂ္ဂိုလ်ဟု ပြင်ဆင်အသဖြင့် ဤဥပဒေတွင် ပါရှိသော လူပုဂ္ဂိုလ်ဆိုသည့်စကားရပ်ကို ပုဂ္ဂိုလ်ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၈ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(င) ပုဒ်မခွဲ(င)ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် အဆုံးအဖြတ် ပေးနိုင်ရေးအတွက် နယ်နိမိတ်သတ်မှတ်ရေး အရာရှိထံတင်ပြခြင်း၊

(တ) အပိုဒ် ၈ အပိုဒ်ခွဲ(ဍ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဌ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ(ဌ)အရ ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(ဋ)အရဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့်(ဃ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ခ) နယ်နိမိတ်ကြပ်မတ်ရေး အရာရှိမှတင်ပြလာသည့် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်းတစ် လျှောက်ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ် ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ခြံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှု တန်ဖိုး များကို စိစစ်အတည်ပြု၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် အဆုံးအဖြတ်မပေးနိုင်သည့်ကိစ္စများကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း စတင်ပြုလုပ်သည့် နေ့မတိုင်မီ ရက်ပေါင်း ၉၀ အတွင်း တရားသဖြင့် လက်ရှိလုပ်ကိုင်နေထိုင်သူတို့ကို ဥပဒေနှင့်မညီဘဲ လက်လွှတ်စေ၍ လက်ဝယ်ရယူထားကြောင်း စစ်ဆေးတွေ့ရှိရလျှင်ဥပဒေနှင့်အညီ မဟုတ်ဘဲ လက်လွှတ်ဆုံးရှုံးရသူကို လက်ရှိအဖြစ်ထား၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(ဒ) အပိုဒ် ၉ အပိုဒ်ခွဲ(စ)ရှိ ပြည်ထောင်စုနယ်မြေ ကောင်စီဆိုသည့် စကားရပ်ကို နေပြည်တော်ကောင်စီဟုပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော ပြည်ထောင်စုနယ်မြေကောင်စီဆိုသည့် စကားရပ်ကို နေပြည်တော်ကောင်စီဟု ပြင်ဆင်ပါသည်။

(ဓ) အခန်း(၅) အပိုဒ် ၁၃ ရှိ ထိခိုက်ပျက်စီခြင်း၊ ပြောင်းလဲခြင်း ဆိုသည့်စကားရပ်ကို ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်လဲခြင်း ဟု ပြင်ဆင်ပါသည်။

(န) အပိုဒ် ၁၄ ရှိ ထိခိုက်ပျက်စီစေခြင်း၊ ပြောင်းလဲခြင်း ဆိုသည့်စကားရပ်ကို ထိခိုက်ပျက်စီးစေခြင်း၊ ပျောက်ဆုံးခြင်း၊ ပြောင်လဲခြင်းနှင့်ဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၁၆ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၆။ ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ထိခိုက် ပျက်စီးခြင်း၊ ပြင်ဆင်ရန်လိုအပ်ခြင်းများရှိလျှင်မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ် တိုင်ပြင်ဆင်ခြင်း၊ အသစ်စိုက်ထူခြင်းပြုလုပ်နိုင်ရန် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(ဖ) အခန်း(၆) အပိုဒ် ၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၈။မည်သူမျှ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ(က) သို့မဟုတ် (ခ)ပါ တာဝန်များဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အန္တရာယ်ပြုခြင်း မပြုရ။

(ဗ) အပိုဒ် ၁၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၉။မည်သူမျှ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ) သို့မဟုတ် (ဆ)ပါ တာဝန်များဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အန္တရာယ် ပြုခြင်း မပြုရ။

(ဘ) အပိုဒ် ၂၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၀။ မည်သူမျှ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်စိုက်ထူထားရှိပြီးဖြစ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ဖယ်ရှား ခြင်း၊ ရွှေ့လျားခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် မှတ်သားထားရှိသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်း မပြုရ။

(မ) အခန်း(၇) အပိုဒ် ၂၁ ရှိ ပုဒ်မ ၁၈၊ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူး လွန်ကြောင်းဆိုသည့် စကားရပ်ကို ပုဒ်မ ၁၈ သို့မဟုတ် ၁၉ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဟု ပြင်ဆင်ပါသည်။

(ယ) အခန်း(၈) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၃ နှင့် ၂၄ တို့ကို ပယ်ဖျက်ပါသည်။

(ရ) အပိုဒ် ၂၅ ကို အပိုဒ် ၂၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အဖွဲ့အစည်းဆိုသည့် စကားရပ်ကို ဝန်ထမ်းအဖွဲ့အစည်းဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၂၇ ကို အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထမ်းဆောင်ရမည့် အခကြေးငွေ အရပ်ရပ်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၄။ သို့ဖြစ်ပါ၍ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ် ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြပြီး ၂၄-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယ ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်းမှာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး တို့ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးကျင်းပရက် ၁၇ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၈ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုကိုးခုတင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို သုံးခု၊ မှတ်တမ်းတင်အဆို သုံးခု တို့ဖြစ်ပြီး တင်သွင်းပြီးဆွေးနွေးရန်ကျန်အဆို သုံးခုဖြစ်ပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်း ၂၆ ခုရှိပြီး ဥပဒေကြမ်း ကိုးခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၇ ခုကျန်ရှိပါတယ်။ နည်းဥပဒေတစ်ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကော်မတီ ၁၂ ခုရဲ့အစီရင်ခံစာများကို အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့လို ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ကာလမှာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်တဲ့ကိစ္စရပ်များကို မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်နဲ့ဆောင်ရွက်သွားကြရမယ့်အချိန် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များဟာ အရည်အချင်းပြည့်ဝနေဖို့ လိုအပ်သလို ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့လွှတ်တော်များ ခိုင်မာအားကောင်းနေဖို့လည်း လိုအပ်ပါတယ်။ ဒါ့ကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ဆက်ဆံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြရာမှာ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲတွေမထားရှိဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်ကြမယ်လို့ ခံယူထားကြရပါမယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုး စီးပွားဖြစ်ထွန်းစေမယ့်မေးခွန်းတွေ၊ အဆိုတွေကို ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကဖြစ်စေ ဆောင်ရွက် တဲ့ကိစ္စတွေကို အမြဲတမ်းအားပေးကြိုဆိုရမှာပဲဖြစ်ပါတယ်။ ထို့အတူပဲ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေနဲ့ ပြင်ဆင်သင့်တဲ့ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဟာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားနဲ့ ပြည်သူတို့ရဲ့မျှော်လင့်ချက်များကို အလေးထားဆန်းစစ်သုံးသပ်ပြီး လက်တွေ့ နယ်ပယ်မှာ ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးနိုင်ဖို့ လွှတ်တော်က ထိန်းညှိကူညီဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရိုင်းပင်းသည့်စိတ်ဓာတ်အပြည့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် ကို ဖော်ဆောင်နိုင်ဖို့ ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်မှုအင်အားနဲ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမယ့်အရေးကြီးဆုံးကိစ္စကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်း ရေးရရှိဖို့ပဲဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ ငြိမ်းချမ်းရေး

ကော်မရှင်ရဲ့ ထုတ်ပြန်ကြေညာချက်ကို မိမိတို့လွှတ်တော်က ကြိုဆိုဂုဏ်ပြုပါကြောင်းနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးပြဿနာများကို အမြန်ဆုံးဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ကျန်ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA မှာ ပူးပေါင်းပါဝင်လာနိုင်ရေး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဥပဒေပြုရေးတာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိ ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ပြည်သူ့ကြားက ပြည်သူ့ကိုယ်စားလှယ်များအဖြစ် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်ဖို့ ပြည်သူလူထုအင်အားနဲ့ (Public Democratic Participation) ဆောင်ရွက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းက သွေဖည်သွားစေနိုင်တဲ့ အန္တရာယ်များကိုလည်း မျက်ခြေမပြတ်သတိပြု ကာကွယ်ပေးကြပါ။ မိမိတို့မဲဆန္ဒနယ်မြေအလိုက် အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေ တည့်မတ်မှန်ကန်အောင် ထိန်းညှိဆောင်ရွက်ပေးကြပါ။ ဒီလိုဆောင်ရွက်တဲ့အခါ ကိုယ်စားလှယ်လုပ်ပိုင်ခွင့်ကိုကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်တဲ့ပုံစံမျိုး မဖြစ်ရလေအောင်လည်း သတိပြုဆောင်ရွက်ကြပါ။ ပြည်သူတွေကို ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံပြီး ယုံကြည်အားကိုးတန်ဖိုးထားရတဲ့ ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြပါ။ ကိုယ်စားလှယ်များရဲ့ ခရီးလမ်းများသာယာဖြောင့်ဖြူးပြီး ဘေးအန္တရာယ်ကင်းကြပါစေ။ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ကြပါစေ။ ဆက်လက်ကျင်းပမယ့် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာလည်း ကျန်းမာရွှင်လန်းစွာနဲ့ ပြန်လည်ဆုံတွေ့နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ (၂၀.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Kyaw Oo | U Hla Maw Oo




Daw Khin San Hlaing | U Nyi Tun




U Win Aung | U Win Maw Tun




U Arr Moe Si | U Win Maw Tun




U Set Aung | U Htay Min Thein




U Set Aung | U Thet Naing Oo

pyithu.hluttaw.mm


Dr Tun Naing


U Nay Myo Htet

pyithu.hluttaw.mm


Dr Tun Naing


U Khin Maung Thi

pyithu.hluttaw.mm


Dr Myint Htwe


U Win Naing

pyithu.hluttaw.mm


Dr Myint Htwe


Daw Khin Saw Wai

pyithu.hluttaw.mm


Dr Myint Htwe


Dr Sein Mya Aye

pyithu.hluttaw.mm


U Hla Kyaw


U Aung Sein

pyithu.hluttaw.mm


U Hla Kyaw


Dr Lin Lin Kyaw

pyithu.hluttaw.mm


U Hla Kyaw


Daw Ni Ni May Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်